# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၄၀)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၂၄ ရက်၊ တနင်္လာနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်

နေပြည်တော် မတ် ၂၃

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့က ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ **စာမျက်နှာ ၁၅ ကော်လံ ၁ ❒**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

## (၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်

စာ - ၅ သို့

## ဆောင်းပါး

### အစဉ်အလာကောင်းများဖြင့် ပြည်သူ့ရှေ့မှာ အမြဲအသင့်ရှိနေသည့်တပ်မတော်

စာ - ၁၃ သို့

## (၂၃-၃-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၅၈၀,၀၀၀)** ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

နေပြည်တော် မတ် ၂၃

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ထိုသို့ တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ ◆**






# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၂၄ ရက်)

## ကျန်းမာရေးအသိနှင့် သတိရှိရှိနေထိုင်သွားလာရေး

မြန်မာနိုင်ငံတွင် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိကို နွေဥတုဟုသတ်မှတ်ထားသည်။ နွေဟုဆိုလိုက်သည်နှင့် အပူဒဏ်ကိုကြုံတွေ့ခံစားရပေတော့မည်။ တပေါင်းလပြည့်ကျော် ၁ ရက်သည် မတ်လထဲတွင်ပါဝင်သည့်အတွက် စာဆိုရှင်တို့က နွေဦးမတ်လဟုရေးသားကြသည်မှာနွေဥတုရောက်ပြီဖြစ်ကြောင်း သတိပြုမိစေရန်ဖြစ်သည်။ မတ်လဆန်းမှစတင်သည့် ယခုနှစ်နွေရာသီအပူချိန်သည် ယခင်နှစ်များထက်စာလျှင် မြင့်မားသည်ဟုမဆိုနိုင်သေးသော်လည်း အပူဒဏ်ကိုတော့မလွဲမသွေကြုံကြရသည်။ နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေကြရသည်မို့ အပူဒဏ်နှင့်ပတ်သက်လာလျှင် အပူဒဏ်ကာကွယ်ရေးကို သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူများ၏ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကိုမြှင့်တင်ပေးလျက်ရှိသည်။ အဆိုပါကဏ္ဍပေါင်းစုံတွင် အဓိကဖြစ်သည်မှာ ကျန်းမာရေးကဏ္ဍဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ အသိပေးချက်များကိုထုတ်ပြန်ပေးလျက်ရှိသည်။ ယခုအခါနွေရာသီသို့ရောက်လာပြီဖြစ်၍ နွေရာသီနှင့်ပတ်သက်သော အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်ကို ထုတ်ပြန်ပေးလျက်ရှိသည်။ ကျန်းမာစွာနေထိုင်လိုသူတိုင်းက အဆိုပါနှိုးဆော်ချက်ကိုသိရှိလေ့လာပြီး ကျန်းမာအောင်နေထိုင်ကြရမည်ဖြစ်သည်။

အသက်ကိုဉာဏ်စောင့်သည်ဆိုသည့်အတိုင်း မိမိအသက်ရှင်သန်ရေးအတွက် ဉာဏ်ဖြင့်ဆင်ခြင်စဉ်းစားပြီး ဆောင်သင့်တာဆောင်ကာ ရှောင်သင့်တာရှောင်ကြရမည်ဖြစ်သည်။ နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။

နေ့အပူချိန်မြင့်တက်လာမှုနှင့်အတူ နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်နှုန်းမြင့်မားလာမှုကြောင့် အပူရှိန်မြင့်မားမှုဒဏ်ကို ပိုမိုသိသာစွာခံစားခဲ့ရခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်မှာ လူသားတို့မျက်စိဖြင့်မမြင်နိုင်သော နေရောင်ခြည်မှဖြာထွက်လာသည့် ရောင်စဉ်လှိုင်းဖြစ်သည်။ မတ်လဒုတိယပတ်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုအညွှန်းကိန်းမှာ ၆ မှ ၇ ပြည့်သည့် လိမ္မော်ရောင်အဆင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားလာသည့်အခြေအနေဖြစ်သည်။ နေ့လယ်နေ့ခင်းတွင် အပူချိန်ပိုမိုမြင့်မားနေသဖြင့် ကျန်းမာရေးကိုအထူးဂရုပြုရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့်အလွန်ပူပြင်းလာပါက အရိပ်ရ၍ အေးမြသောနေရာများတွင်နေထိုင်ပါ။ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့်ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်း၍သွားလာပါ။ နွေရာသီတွင် ရေများများသောက်ခြင်းဖြင့် မိမိကျန်းမာရေးကိုကောင်းမွန်အောင်လုပ်ဆောင်ကြရန်ဖြစ်သည်။ ရေသည်ဆေးတစ်ပါးဖြစ်သည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေကြရမည်။ ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကိုရှောင်ကြဉ်ရမည်။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကိုရှောင်ကြဉ်ရမည်။ ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ရမည်။ နွေရာသီတွင် အရက်သေစာကိုအလွန်အကျွံသောက်စားခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါကပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

အထူးသတိပြုရမည်မှာ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသောအချိန်များတွင် နေရောင်ခြည်နှင့်ထိတွေ့မှုကြောင့် အရေပြားများနေလောင်ခြင်း၊ အသားအရောင်များညိုမည်းလာခြင်းများ ဖြစ်စေသည်။နေရောင်ခြည်နှင့်ထိတွေ့မှုများလာသောအခါ အရေပြားများအရွယ်မတိုင်မီပျက်စီးပြီး အိုမင်းရင့်ရော်မှုမြန်ဆန်ခြင်း၊ ခုခံအားများကျဆင်းလာခြင်း၊ မျက်စိတိမ်စွဲခြင်း၊ အရေပြားကင်ဆာများဖြစ်ပွားခြင်း စသည့်ကျန်းမာရေးဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။

ပြည်သူများအနေဖြင့် မိမိတို့၏လူမှုစီးပွားဘဝဆောင်ရွက်ရာတွင် မဖြစ်မနေ နေရောင်ခြည်အောက်တွင် အလုပ်လုပ်ရမည်ဆိုလျှင် ကြိုတင်သတိပြုကာကွယ်ဆောင်ရွက်မှုများကို လိုက်နာလုပ်ဆောင်ခြင်းဖြင့် ကျန်းမာရေးကိုဂရုစိုက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများ၊ သွေးတိုး၊ ဆီးချို၊ နှလုံး စသည့်ရောဂါအခံရှိသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကျန်းမာရေးမကောင်းသူများသည် အထူးသတိပြုဆင်ခြင် ရှောင်ကြဉ်ကြရန်ဖြစ်ပါသည်။ ကျန်းမာရေးချို့တဲ့ပါက မိမိတို့၏လူမှုစီးပွားဘဝကို အခက်အခဲကြုံတွေ့စေနိုင်သည်။ ထို့ကြောင့် လူတိုင်းကိုယ်စီ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိရှိဖြင့် ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော ရှောင်ရန်ဆောင်ရန်များကို လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၄-၃-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက်သဖင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ငွေဆောင်ကမ်းခြေသို့ နေ့စဉ် ခရီးသွားဧည့်သည် ၂၈၀၀ ဝန်းကျင် လာရောက်လည်ပတ်လျက်ရှိ



ပုသိမ် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသို့ ယခုကာလတွင် နေ့စဉ်ခရီးသွားဧည့်သည် ၂၈၀၀ ဝန်းကျင် လာရောက်လည်ပတ်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီး ဌာနမှ သိရသည်။

လက်ရှိတွင် ငွေဆောင်ကမ်းခြေ၌ ဟိုတယ်စုစုပေါင်း ၃၄ လုံးခန့် ဖွင့်လှစ်ထားပြီး ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။

"ကမ္ဘာပေါ်မှာ ကမ်းခြေတွေရဲ့အဆင့် အတန်းကို အချက်ခြောက်ချက်နဲ့ သတ်မှတ်တိုင်းတာပါတယ်။ ငွေဆောင် ကမ်းခြေက အဲဒီအချက်ခြောက်ချက် စလုံးနဲ့ ပြည့်စုံပါတယ်။ လက်ရှိကာလမှာ ငွေဆောင်ကမ်းခြေကို နေ့စဉ် ခရီးသွား ဧည့်သည် ၂၈၀၀ ဝန်းကျင် လာရောက် လည်ပတ်ကြပါတယ်" ဟု ဧရာဝတီ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးဝင်းမောင်မောင်ကပြော သည်။

ငွေဆောင်ကမ်းခြေသည် သာယာလှပပြီး ရေအရည်အသွေးကောင်းမွန်ခြင်း၊ သဲအရည်အသွေးကောင်းမွန်ခြင်း၊ ရေကူးသောနေရာများတွင် ဘေးကင်းလုံခြုံမှု ရှိခြင်းတို့ကြောင့် ခရီးသွားများအား ဆွဲဆောင်မှုရှိသည့်အပြင် ကမ်းခြေနှင့် ဆက်စပ်ပြီး မြွေကျွန်း၊ ချစ်သူများကျွန်းနှင့် ညဈေး စသည့်နေရာများသို့လည်း သွားရောက်လည်ပတ်နိုင်သည့်အတွက် ခရီးသွားအများအပြား လာရောက်လည် ပတ်ကြကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသို့ ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် လာရောက်လျှင် တစ်နာရီခန့်ကြာပြီး ရန်ကုန်မြို့မှ လာရောက်လျှင် ငါးနာရီခန့် ကြာမြင့်နိုင်ကာ ယခုအခါ အနယ်နယ်အရပ်ရပ်မှ ငွေဆောင်ကမ်းခြေသို့ ခရီးသည်တင် အဝေးပြေးယာဉ်များ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

---

# ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ်အတွက် နွေစပါးများ အောင်မြင်စွာ စိုက်ပျိုးပြီးစီးပြီဖြစ်

ပေါင်းတည် မတ် ၂၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးမှုကို မတ်လဒုတိယပတ် အတွင်း အောင်မြင်စွာစိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ပေါင်းတည်မြို့နယ်၌ ယခုနှစ်နွေစပါး စိုက်ပျိုးမှုစတင်နိုင်ရန် ဝဲကြီးရေလှောင်တမံမှ စိုက်ပျိုးရေကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စတင်ပေးဝေခဲ့ပြီး တောင်သူများ နွေစပါးစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းရေး၊ ပန်းတိုင်အထွက်နှုန်းရရှိကာ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးနှင့်အတူ တောင်သူများ အကျိုးဖြစ်ထွန်းရေး၊ နိုင်ငံအတွင်း စားရေရိက္ခာ ဖူလုံစေရေးတို့အတွက် မြို့နယ် စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့သည် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ တောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုများ၊ စိုက်ပျိုးစရိတ်များ၊ အထွက်ကောင်းမျိုးကောင်းမျိုးသန့် စပါးမျိုးစေ့များ၊ စိုက်နည်းစနစ်များနှင့် လိုအပ်သောစိုက်ပျိုးရေးကိရိယာနှင့် ကောက်စိုက်စက်များကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ သိရသည်။

ထို့ပြင် ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းပြည့်မီကျော်လွန်ရေးတို့အတွက် သရုပ်ပြစိုက်ပျိုးပွဲများ ပြုလုပ်ပြသခြင်း၊ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

ယင်းသို့ နွေစပါးစိုက်ပျိုးရာတွင် တောင်သူများအား လေလွင့်ဆုံးရှုံးမှုများသော၊ စနစ်မကျသော ကြဲပက်စိုက်ပျိုးနည်းကို စွန့်လွှတ်စေပြီး ပျိုးထောင်စိုက်ပျိုးခြင်း၊ အစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စနစ်တကျစိုက်ပျိုးခြင်းတို့ကို အားပေးဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် လျာထားချက်နှင့်အညီ စုစုပေါင်းဧက ၂၆၀၁၀ အောင်မြင်စွာ စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်သည်။ ပေါင်းတည်မြို့နယ်၌ နွေစပါးအောင်မြင်စွာစိုက်ပျိုးပြီးစီးခြင်းဖြင့် ဒေသတွင်းဆန်ဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ရွှေသား**

---

# ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၁၂၇၁ ဧက လျာထားစိုက်ပျိုး

ငဖဲ မတ် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဒေသတွင်းဆန်စပါးဖူလုံ ပိုလျှံစေရေးအတွက် ၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၁၂၇၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၀၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ အဆင်ပြေစွာထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် မန်းချောင်းရေလှောင်တမံဆည်မှ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ လက်ဝဲမြောင်းမကြီးမှ ၁၀၇၁ ဧကနှင့် လက်ယာမြောင်းမကြီးမှ ဧက ၂၀၀ စိုက်ပျိုးမည့် ကျေးရွာအုပ်စုများရှိ လယ်ယာမြေများသို့ နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်ပျိုးကြမည့်စပါးမျိုးများမှာ အောင်နိုင်တိုး ၅၃ ဧက၊ ဆာဖိုးသာ ရှစ်ဧက၊ မနောသုခ ၃၀၄ ဧကနှင့် ဆင်းသုခ ၉၀၆ ဧက စုစုပေါင်း ၁၂၇၁ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် နွေစပါး ၁၀၃ ဧကစိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားရေရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နွေသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မျိုးကောင်းမျိုးသန့်စပါးမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေး နည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း၌ စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမဟုတ်ဘဲ သီးထပ်စိုက်ပျိုးနိုင်ပါက အကျိုးရှိမည်ဖြစ်ရာ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ငဖဲမြို့နယ်ရှိ တောင်သူများသည် မိုးစပါးအပြင် နွေစပါးကိုပါ စိုက်ပျိုးခြင်းကြောင့် ဒေသတွင်း စားရေရိက္ခာဖူလုံစေသည့်အပြင် ပိုလျှံသည်များကို တခြားမြို့ကြီးများနှင့် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက်ပါ အထောက်အကူပြုစေနိုင်မည်ဖြစ်ပေရာ တစ်ဧကအထွက်နှုန်းတိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများက သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### အတော်ပင်ပန်းသောအလုပ်

ကျွန်ုပ်တို့ရောက်သွားသော ကျွန်းတောကြီးမှာ အလွန်ကျယ်ဝန်းလှ၍ တောင်ထိပ်ရော၊ တောင်ကမ်းပါးယံရော၊ တောင်ကြားတစ်လျှောက်ရော ကျွန်းပင်များ အနှံ့အပြားပေါက်ရောက်လျက်ရှိရာ ယင်းကျွန်းတောကြီးထဲမှ ဥပဒေစည်းကမ်းနှင့် ညီညွတ်သောကျွန်းပင်များကို တောင်တစ်ပင်၊ မြောက်တစ်ပင်၊ တောင်ထိပ်၌ တစ်ပင်၊ တောင်ကြားထဲ၌ တစ်ပင်၊ တောင်ကမ်းပါးယံ၌ တစ်ပင် စသည်ဖြင့် ရွေးချယ်ကာ သင်းပေးရမည်ဖြစ်လေသည်။ တောအုပ်ကလေးများနှင့် တောခေါင်းများ၊ သစ်ခုတ်သမားများသည် လူစုခွဲ၍ စည်းကမ်းနှင့်ညီညွတ်သော ကျွန်းပင်များကို လိုက်လံရှာဖွေကြ၏။ အုပ်စုတစ်စုတွင် ခေါင်းဆောင်ဖြစ်သော တောအုပ်ကလေးသည် ရွေးချယ်ရမည့်စည်းကမ်းကို အကြမ်းအားဖြင့် နားလည်ထားသည်။ အုပ်စုသုံးစုခွဲ၍ထွက်သွားကြစဉ် ကိုဝင့်မော်နှင့် ကျွန်ုပ်သည် တစ်နေရာ၌ ထိုင်ကာ ဆေးလိပ်သောက်လျက် စောင့်နေကြရာ ကျွန်ုပ်က တောတောင်၏သာယာပုံကို လှမ်းကြည့်ရင်း "တော်တော်ဇိမ်ရှိသား ပဲဗျို့" ဟု ပြောလိုက်သဖြင့် ကိုဝင့်မော်က "ကြည့်သေးတာပေါ့ဗျာ" ဟု ပြန်ပြောလေသည်။ စီးကရက်တစ်လိပ်မကုန်မီ တောင်အောက်ဆီမှ 'ဝူး'ဟု အော်သံကြား၍ ကျွန်ုပ်တို့သည် အသံကြားရာသို့ ဆင်းသွားကြလေရာ ၎င်းတို့ရွေးချယ်ထားသော ကျွန်းပင်တစ်ပင်ကို တွေ့ရလေ၏။ ကိုဝင့်မော်သည် စည်းကမ်းနှင့်ညီညွတ်သည်ဟု အဆုံးအဖြတ်ပေး၍ ယင်းကျွန်းပင်၌ ကိုယ်တိုင်လက်မှတ်ရေးထိုးရလေသည်။ ဤတွင် သစ်ခုတ်သမားသည် ကျွန်းပင်၏ 'ခါး'ကို ခွန်ဖြင့် လှည့်ပတ်ကာ တစ်ပတ်ပြည့်အောင် ပေါက်ရလေသည်။ ခွန်ရာချင်း ဆက်မိပြီး တစ်ပတ်ပြည့်လျှင် ကျွန်းပင်သေသည်ဟု ဆိုလေသည်။ သို့ရာတွင် ချက်ချင်းကားမဟုတ်၊ အတန်ကြာမှ သေပြီး ခြောက်သည့်တိုင်အောင်ထား၍ ကောင်းကောင်း သွေ့ခြောက်ချိန်တွင်မှ လှဲယူရလေသည်။

များမကြာမီ တောင်ကမ်းပါးယံဆီမှ ဝူး အသံကြား၍ ကိုဝင့်မော်နှင့် ကျွန်ုပ်တို့ တက်သွားကြရာ ရှေးနည်းအတိုင်း ရွေးချယ်ထားသည့် ကျွန်းပင်တွင် လက်မှတ်ထိုး၍ သစ်ခုတ်သမားများနှင့် လွှဲထားခဲ့လေသည်။ ဤသို့ဖြင့် တောအုပ်ကလေးများရွေးချယ်ထားသည့် ကျွန်းပင်ရှိရာမှ ဝူးသံကြားတိုင်း တောင်ကမ်းပါးယံတွင် ဆင်းချည်တက်ချည် ခေါက်တုံ့ခေါက်ပြန်သွားလာကြရပေရာ တောင်မှာလည်း လမ်းထွင်ထားခြင်းမရှိဘဲ အရိုင်းသက်သက်ဖြစ်သောကြောင့် သုံး၊ လေးနာရီမျှ ကြာသောအခါတွင် ကျွန်ုပ် 'ပင်ပန်း' လိုက်ပုံမှာ လျှာထွက်မတတ်ရှိပါတော့သည်။ သို့ရာတွင် နေ့စဉ်မိုင် ၂၀ ခန့် လမ်းလျှောက်ဖို့ အလေ့အကျင့်ပြုလုပ်ထားကြသည့် ကိုဝင့်မော်နှင့် သစ်တောအမှုထမ်းများမှုကား တစ်နေ့အဖို့ရာ၌ ကိစ္စရှိကြပုံမရချေ။ ၁၁ နာရီခန့်အချိန်တွင် ကျွန်ုပ်တို့သည် နံနက်စာစားရန်အတွက် ဗိုလ်တဲသို့ ပြန်လာကြလေ၏။

### မွှေးလိုက်သည့် ဝက်ခေါင်း

ကျွန်ုပ်မှာ သစ်တောအမှုထမ်းတစ်ယောက်မဟုတ်သော်လည်း သာမန်အရပ်သားများအနက်တွင် လှုပ်ရှားမှု အလေ့အကျင့်ရှိသူတစ်ယောက်ဖြစ်သည့် အလျောက် ပင်ပန်းခြင်းထက် ဆာလောင်မွတ်သိပ်ခြင်းက ကဲလွန်လျက်ရှိ၏။ ပြန်ကြတော့မည်ဟု ဗိုလ်တဲဘက်သို့ ခြေဦးလှည့်ကတည်းက ကျွန်ုပ်မှာ ကျင်းကြီးထဲမှ ဝက်ခေါင်းကိုသတိရ၍ မြင်လိုဇောနှင့် စားလိုသော အာသာဆန္ဒတို့သည် အပြိုင်အဆိုင်ဖြစ်လျက်ရှိ၏။ ဝန်ခံထားသည့်အတိုင်း အစားသမားတစ်ယောက်ဖြစ်၍ ဆာဆာနှင့် ကိုက်ဖဲ့ကာ ဝါးချင်လှပြီဖြစ်သော်လည်း ကျင်းကို ဖော်လိုက်သောအခါ မည်သို့သောအဆင်းရှိသည်ဟု ကြည့်လိုသည့်ဇောမှာလည်း မသေးလှချေ။ သစ်ပင်ကြီးအောက်၌ရှိသော ယမန်ညဥ့်က မီးပုံမှာ ပြာပူများနှင့် နွေးလျက်ရှိသေးရာ ကိုဝင့်မော်၏ ထမင်းချက် မောင်ဘိုးကွန်းသည် ပြာများကို ရှေးဦးစွာ ဖယ်ရှား၍ နောက်တွင် မြေကြီးကို တူးယက်၏။ ဖက်များပေါ်လာသောအခါ

> **"ဆင်များမှာ တခြားတိရစ္ဆာန်များကဲ့သို့ အစာကျွေးဖို့ မလိုဘဲ နံနက်စောစောလွှတ်လိုက်ပြီး ညနေခင်းတွင် 'ကောက်' ယူရလေသည်။ လွှတ်ခါနီး၌ လက်နှစ်ဖက်ကို သံကြိုးရှည်တစ်ချောင်းဖြင့် ထူးခတ်၍ ကြိုးတန်းလန်းနှင့် လွှတ်လိုက်ခြင်းဖြစ်၏။ ရှေ့လက်များကို ထူးခတ်ထားသည့်အတွက်ကြောင့် ဆင်သည် ခြေလှမ်းကျဲကျဲ မလှမ်းနိုင်သဖြင့် တစ်နေ့အတွင်း ခရီးဝေးစွာ မသွားနိုင်ဘဲ ရှိရာ တန်းလန်းကျလျက်ရှိသော သံကြိုးရှည်ကလည်း ဆင်သွားသောလမ်းကို ညွှန်ပြလျက်ရှိလေသည်။ သို့ဖြစ်၍ ဆင်ကောက်သော ညနေခင်းအချိန်တွင် ဆင်ဦးစီးသည် သံကြိုးကြောင်းကြီးအတိုင်း လိုက်ခြင်းအားဖြင့် ဆင်ရှိသောနေရာသို့ ရောက်နိုင်လေသည် . . ."**

မြေကြီးများကို ဆက်လက်၍ ဖြည်းညင်းစွာဖယ်ရှားပြီးနောက် ဝက်ခေါင်းထုပ်ကို အပေါ်သို့ သတိကြီးစွာနှင့် မ,တင်ရ၏။ နောက်ဆုံး၌ ပတ်ချည်ထားသောနီးများကိုဖြေ၍ ဖက်များကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် မွှေးကြိုင်သောအနံ့သည် နှာခေါင်းသို့ တိုးဝင်လာခြင်းနှင့်အတူ နီညိုညိုအဆင်းရှိသော ကြာညိုရောင်ဝက်ခေါင်းလည်း ပေါ်လာပါတော့သည်။ ဤဖုတ်နည်း၏ထူးခြားချက်မှာ အနံ့အရသာနှင့်ပြည့်စုံသည့် ဓာတ်ငွေ့များ (Volatile Gases) တိုးထွက်ပျောက်ပြယ်ခြင်းမရှိစေရဘဲ အထုပ်အတွင်း၌ ပိတ်လှောင်နေရသည့်အတွက်ကြောင့် အလွန်မွှေး၍ အလွန်လေးသောအရသာနှင့် ပြည့်စုံခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ထမင်းကို တို့ရုံတို့၍ ဝက်ခေါင်းဖုတ်နှင့် ဝမ်းတွင်းသားဟင်းကိုချည်း အဝကြီးစားလိုက်ကြရာ ကျွန်ုပ်မှာ ညနေခင်းအတွက် သစ်သင်းရာသို့ မလိုက်နိုင်တော့ဘဲ အိပ်ရာထဲ၌ အချိန်ကုန်ရပါတော့သည်။ ကျွန်ုပ်သည် ဗဟုသုတအတွက် သစ်သင်း လိုက်ခဲ့သော်လည်း တစ်နံနက်နှင့်ပင် လုံလောက်ပြီဖြစ်၍ နောက်နေ့များတွင် နမ်းပေါင်းရွာနှင့် ပတ်ဝန်းကျင်တို့ကို လှည့်လည်ကြည့်ရှုခြင်းဖြင့် အချိန်ကုန်စေပါသည်။

### ဆင်ကောက်ခြင်း၏အန္တရာယ်

တစ်ညနေ၌ ကျွန်ုပ်သည် နမ်းပေါင်းရွာအနီးတစ်ဝိုက်တွင် လမ်းလျှောက်လျက်ရှိစဉ် ဆင်ဦးစီး ကိုမြသည် ချွန်းကလေးကို ကိုင်လျက် လမ်းလျှောက်လာခြင်းကို တွေ့ရ၍မေးကြည့်ရာ "ဆင်ကောက်သွားမည်" ဟု ပြောသည်နှင့် ကျွန်ုပ်လည်း လိုက်သွား၏။ ဆင်များမှာ တခြားတိရစ္ဆာန်များကဲ့သို့ အစာကျွေးဖို့မလိုဘဲ နံနက်စောစောလွှတ်လိုက်ပြီး ညနေခင်းတွင် 'ကောက်' ယူရလေသည်။ လွှတ်ခါနီး၌ လက်နှစ်ဖက်ကို သံကြိုးရှည်တစ်ချောင်းဖြင့် ထူးခတ်၍ ကြိုးတန်းလန်းနှင့် လွှတ်လိုက်ခြင်းဖြစ်၏။ ရှေ့လက်များကို ထူးခတ်ထားသည့်အတွက်ကြောင့် ဆင်သည် ခြေလှမ်းကျဲကျဲ မလှမ်းနိုင်သဖြင့် တစ်နေ့အတွင်း ခရီးဝေးစွာ မသွားနိုင်ဘဲရှိရာ တန်းလန်းကျလျက်ရှိသော သံကြိုးရှည်ကလည်း ဆင်သွားသောလမ်းကို ညွှန်ပြလျက်ရှိလေသည်။ သို့ဖြစ်၍ ဆင်ကောက်သော ညနေခင်းအချိန်တွင် ဆင်ဦးစီးသည် သံကြိုးကြောင်းကြီးအတိုင်း လိုက်ခြင်းအားဖြင့် ဆင်ရှိသောနေရာသို့ ရောက်နိုင်လေသည်။ ကျွန်ုပ်နှင့် ဆင်ဦးစီးသည် ရွာမှထွက်ကတည်းက ထင်ရှားစွာ ပေါ်လျက်ရှိသော သံကြိုးကြောင်းကြီးအတိုင်း စကားတပြောပြောနှင့် လိုက်သွားကြ၏။ ပြောကြသောအကြောင်းအရာမှာ တခြားမဟုတ်၊ ဆင်ဦးစီးအလုပ်နှင့် ဆင်များ၏ သဘာဝအကြောင်းပင်ဖြစ်လေသည်။ တစ်မိုင်ကျော်ကျော်နှစ်မိုင်ခန့်ရောက်ကြသောအခါ ဆင်ဦးစီး၏ စိုးရိမ်မကင်းရှိသော အမူအရာကို ကျွန်ုပ်မြင်ရသည်နှင့် မေးကြည့်ရာ သူ၏ဆင်မသည် အခါတိုင်းဆိုပါက ဤမျှလောက်အကွာအဝေးတွင် တွေ့တတ်၍ ယနေ့ မတွေ့ရသည်မှာ ထူးခြားကြောင်း ပြောပြ၏။ ကျွန်ုပ်မှာ သူ၏စကားကြောင့် အနည်းငယ် စိတ်မသက်သာသော်လည်း ခရီးဝေးဝေးလမ်းလျှောက်ရရုံပြင် မရှိဆိုကာ ဖြေဆည်နိုင်ပါသည်။ ဆက်လက်၍ လျှောက်ကြသောအခါ ဆင်ဦးစီးသည် မကြာခဏ ရပ်ကာရပ်ကာ နားစွင့်၏။ "ဘာလုပ်တာလဲ" ဟု ကျွန်ုပ်ကမေးရာ "ခလောက်သံကို နားထောင်ရသည်" ဟု ပြော၏၊ မိုင်ဝက်ခန့်မျှ ဆက်လက်လျှောက်လာကြသည်တွင်မှ ခလောက်သံတစ်ချက်တစ်ချက် သဲ့သဲ့ကလေးကြားရ၍ ကျွန်ုပ် အားတက်လာ၏။ ခလောက်သံသည် တဖြည်းဖြည်း ကျယ်သည်ထက်ကျယ်လာ၍ ကျွန်ုပ်တို့လည်း ခပ်သုတ်သုတ်လျှောက်လာကြစဉ် တော်တော်နီးကပ်လာသည်ထင်ခါမှ ဖြုန်းခနဲ အသံတိတ်သွား၏။ ဤတွင် ဆင်ဦးစီးသည် ကျွန်ုပ်အား လက်ပြကာ အချက်ပေး၍ တန့်ရပ်ခိုင်းသည်နှင့် စိုးရိမ်စွာဖြင့် ရပ်လိုက်ရ၏၊ ခလောက်သံသည် ငါးစက္ကန့်လောက်တွင် တစ်ချက်တစ်ချက် ကြားလာခဲ့ရာမှ ယခုမူ တစ်မိနစ်ခန့် တိတ်ဆိတ်လျက်ရှိလေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကန့်ဘလူမြို့နယ်၌ တစ်နိုင်တစ်ပိုင်ကျောက်စိမ်းဖရဲသီးစိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိ

**ကန့်ဘလူ မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ မြေအောက်ရေဖြင့် တစ်နိုင်တစ်ပိုင်ကျောက်စိမ်းဖရဲသီး(ဟီရာ) စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းပြီး ယခုအခါ ခူးဆွတ်ရောင်းချနေရပြီဖြစ်၍ မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းများအဆင်ပြေလျက်ရှိကြောင်း ဖရဲသီးစိုက်တောင်သူများ၏ပြောပြချက်အရ သိရသည်။

"ကျွန်တော်က ဒီကျောက်စိမ်းဖရဲသီး (ဟီရာ) မျိုးစေ့ ၅၀၀ ပါ အထုပ်နှစ်ထုပ်ကို မြေဧက ဒသမ ၅၀ မှာ စိုက်ပျိုးထားပါတယ်။ စတင်စိုက်ပျိုးရာမှာ မြေဩဇာအဖြစ် နွားချေးသုံးစီး (သုံးဘီးဆိုင်ကယ်) မြေခံထည့်ထွန်ယက်ပြီး စိုက်ပျိုးပါတယ်။ အပင်စိုက်ပြီး တစ်လလောက်အကြာမှာ အာမိုဓာတ်မြေဩဇာကို ၁၅ ရက်တစ်ကြိမ် ထည့်ပါတယ်။ ဖူးပွင့်ချိန်ဆိုရင် ရွက်ဖျန်းအားဆေးဖျန်းပေးပါတယ်။ ဖရဲမျိုးတွေက ဟီရာ၊ ဟီရိုး၊ ကလေးဖရဲ၊ ၂၁၁ (အိန္ဒိယမျိုး) ဆိုပြီး ရှိပါတယ်" ဟု ဖရဲသီးကိုယ်တိုင်စိုက်ပျိုးရောင်းချသူ တောင်သူဦးဖြူတုတ်က ပြောသည်။

ယခုအခါ ကျောက်စိမ်းဖရဲသီး (ဟီရာ) ကို အလုံးအကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းသတ်မှတ် ရောင်းချရကြောင်း၊ တစ်ဧကစိုက်ပျိုးမည်ဆိုပါက အထွေထွေကုန်ကျစရိတ်များရှိပြီး အသီးများလှိုင်လှိုင်သီး၍ ရောင်းချရပါက ကုန်ကျစရိတ်ပြန်လည်ရရှိကြောင်း၊ ကျောက်စိမ်းဖရဲသီးစတင်စိုက်ပျိုးပါက ပင်ကြား၊ တန်းကြား ၃ ပေ၊ ၉ ပေ စိုက်ပျိုးရပြီး ကျင်းဖော်နွားချေးထည့်၊ အစေ့ထည့်စိုက်ကာ ရေလောင်းပေးရကြောင်း၊ ၁၅ ရက်သားတွင် အပင်ခြေရင်း၌ မြေတူးဆွပေးရကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံးစီးပွားဖြစ်သော်လည်းကောင်း၊ တစ်နိုင်တစ်ပိုင်အဖြစ်သော်လည်းကောင်း မိသားစုဝင်ငွေရရှိရေးအတွက် နေအိမ်ခြံဝင်းမြေကွက်လပ်များနှင့် စိုက်ပျိုးမြေများ၌ စိုက်ပျိုးကြကာ ထွက်ရှိလာသောသီးနှံများကို ရောင်းချခြင်းဖြင့် မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရမှ စိုက်ပျိုးထုတ်လုပ်သူများကို လိုအပ်ချက်မရှိအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများအနေဖြင့် မိမိတို့လုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေး

**နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့ ရဲဘော်တို့အနေနဲ့ အချင်းချင်းစည်းလုံးညီညွတ်နေဖို့လိုအပ်သလို တပ်ဖွဲ့အချင်းချင်းကြားမှာလည်း စည်းလုံးညီညွတ်နေဖို့ လိုအပ်တယ်။ တပ်ရင်း/တပ်ဖွဲ့ အသီးသီးမှာရှိတဲ့ ခေါင်းဆောင်တွေအနေနဲ့ ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ လိုအပ်တယ်။**

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်တွင်ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၇-၃-၂၀၂၄



# (၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးတက်ရောက်

နေပြည်တော် မတ် ၂၃

(၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းနယ်ပယ်နှင့်သက်ဆိုင်သောဌာနများမှအကြီးအကဲများနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Prof. Celeste Saulo က ပေးပို့သော သဝဏ်လွှာ ဗီဒီယိုနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် Video Clip တို့ကိုပြသပြီး ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ ငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၈ စောင်ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ရထားလမ်းပိုင်းအခြေအနေများ ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မတ်လ ၂၀ ရက်မှ ၂၂ ရက်အထိ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ သာစည် - ရွှေညောင် ရထားလမ်းပိုင်းအခြေအနေ၊ လွန်းထိုးနေရာများနှင့် ဆင်တောင် - မြင်းဒိုက် ဘူတာကြားရှိ ကမ်းပါးနီဥမင်အဝင်/ အထွက်နေရာများ၊ အဆိုပါရထားလမ်းပိုင်းရှိ ရွှေမင်းဖုန်းဒေသတွင် ရေထုတ်မြောင်းတူးဖော်ခြင်းနှင့် ယာယီရှောင်ကွင်းရထားလမ်းတာပေါင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး လူအင်အား၊ ပစ္စည်းအင်အား၊ စက်ယန္တရားအင်အားများကို စနစ်တကျစုဖွဲ့အသုံးပြု၍ စီမံဆောင်ရွက်သွားရန်နှင့် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပေါမူ - ထီးသိမ် - တောင်ကြီး ရထားလမ်းပိုင်းတွင် ပျက်စီးချွတ်ယွင်းမှုများ ဖြစ်ပေါ်ခဲ့သည့် ရထားလမ်းအူကြောင်း တာပေါင်မြေကြီးလုပ်ငန်း၊ ရေထုတ်ပြွန်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း၊ Gabion Basket ကျောက်စီမြေထိန်းနံရံနှင့် ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကိုစစ်ဆေးပြီး တာပေါင်နေရာများအား သတ်မှတ် Compaction ရရှိအောင် မြေဖို့ဖိကြိတ်ခြင်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် တောင်ကြီး - နောင်ကားလမ်းခွဲ - ပင်းပက် ရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေအား စစ်ဆေးပြီး ကျောက်ဖြည့်တင်းရန်လိုအပ်သည့်နေရာများတွင် ကျောက်ထပ်မံဖြည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး စနစ်တကျ စစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ရေမြောင်းများ (Side Drains) စနစ်တကျ ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။



(သတင်းစဉ်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းစတင်ကပ်လှူခြင်းနှင့် ရွှေဆိုင်းများ ပေးအပ်လှူဒါန်း



နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့၊ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် မတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူခြင်းနှင့် ရွှေဆိုင်းများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ရာနိုင်ငံတော်သြဝါဒါစရိယတောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့၊ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရှမ်းပြည်နယ် သံဃနာယကဥက္ကဋ္ဌ တောင်ကြီးမြို့၊ သိမ်တော်ထံရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စေတီတော်တွင် ဆက်ကပ်လှူဒါန်းမည့် ရွှေဆိုင်းများအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး ရွှေဆိုင်းများအား စေတီတော်သို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဝဝဝ)

## ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ခရေရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများချီးမြှင့်ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဝဝ)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများချီးမြှင့်ပေးအပ်စဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၇˚c |
| ရန်ကုန် | ၂၅˚c | / | ၃၆˚c |
| မန္တလေး | ၂၄˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# တောင်သူများ၏ အလင်းတံခါးများ

ကိုဇေယျာ

ရေဘုံပိုင်မှ ရေများပွင့်ကျနေသည်ကိုတွေ့လျှင် ပြေး၍ပိတ်ကြသည်ကိုကြုံဖူးကြမည်ဖြစ်သည်။ ရေများအလဟဿဆုံးရှုံးနေသည်ကို နှမြော၍ဖြစ်သည်။ ရေဘားများမလုံ၍၊ ရေပိုက်များမလုံ၍ ရေများစိမ့်ထွက်ပေါက်ထွက်နေသည်ကို တွေ့လျှင်လည်း ပြုပြင်လေ့ရှိကြသည်။ အကြောင်းမှာ အသုံးပြုရမည့်ရေများအသုံးမပြုလိုက်ရဘဲ ဆုံးရှုံးသွားမည်ကိုနှမြောခြင်းနှင့် ရေလိုအပ်သည့်အချိန်တွင် အသုံးပြုရန်မရနိုင်တော့ခြင်းတို့ကြောင့်ဖြစ်သည်။ ယခုနမူနာပြသော ရေဆုံးရှုံးမှုသည် အနည်းငယ်မျှသောဆုံးရှုံးမှုပင်ဖြစ်သည်။ ဧရာဝတီမြစ်သည် ပင်လယ်နှင့် ထိစပ်သော ဧရာဝတီတိုင်းဒေသကြီးအတွက် ကြီးမားသောရေချိုအရင်းအမြစ်ဖြစ်ပြီး ပင်လယ်တွင်းသို့ မြစ်ခွဲပေါင်းများစွာစီးဝင်လျက်ရှိရာ အဆိုပါရေချိုများအား အသုံးမပြုနိုင်ဘဲ သို့မဟုတ် အသုံးမပြုလိုက်ရဘဲ ဆုံးရှုံးသွားခဲ့ပါလျှင် မည်မျှနှမြောစရာကောင်းမည်ကိုတွေးမိစေရန်ဖြစ်သည်။ သို့ဖြစ်ရာ တန်ဖိုးရှိသော ရေချိုများအလေအလွင့်မရှိစေရေး၊ ရေချိုများရယူအသုံးချနိုင်စေရေး၊ ရေချိုအရင်းအမြစ်များ စနစ်တကျထိရောက်စွာကိုင်တွယ်နိုင်စေရေး စသောရေစီမံခန့်ခွဲမှုများအရေးကြီးလျက်ရှိပြီး အဆိုပါရေစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် အရေးကြီးသောအချက်တစ်ခုမှာ ရေတံခါးများတည်ဆောက်ခြင်းနှင့် စနစ်တကျထိန်းသိမ်းလည်ပတ်ခြင်းပင်ဖြစ်သည်။


မျိုး၊ မြေ၊ ရေ၊ နည်းဟူသော စိုက်ပျိုးထုတ်လုပ်ရေးအတွက်အရေးကြီးသည့်စနစ်များကို ပီပြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ရေစီမံခန့်ခွဲမှုလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ မှန်ကန်သည့်မြေပေါ်တွင် အောင်မြင်ဖြစ်ထွန်းမည့်မျိုးအားနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရာတွင် လိုအပ်သောရေကို လိုအပ်သောအချိန်တွင် လိုအပ်သောပမာဏအတိုင်း အချိုးညီစွာသွင်းယူပေးရန်မှာ အရေးကြီးလျက်ရှိသည်။ ထိုသို့ တောင်သူများ၏ရည်မှန်းချက် လိုအပ်ချက်များပြည့်မီစေရန်အတွက် အရေးကြီးသောရေစီမံခန့်ခွဲမှုများဆောင်ရွက်နိုင်ရန် ရေတံခါးများတည်ဆောက်ပေးလျက်ရှိသည်။ ရေတံခါးများတည်ဆောက်ရာတွင် တည်ဆောက်သည့်ရည်ရွယ်ချက်ပေါ်မူတည်၍ ရေသွင်းရေတံခါး၊ ရေထုတ်ရေတံခါး၊ ရေသွင်းရေထုတ်လိုသလိုထိန်းညှိဆောင်ရွက်နိုင်သော ရေထိန်းရေတံခါး၊ စက်လှေရေယာဉ်မော်တော်များ ဆက်သွယ်သွားလာနိုင်ရန် ရေယာဉ်အဝင်၊ အထွက်ရေတံခါးစသည်ဖြင့်ရှိပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန်၊ မြို့ပြစနစ်ဖွံ့ဖြိုးစေရန်၊ စက်မှုလုပ်ငန်းများလည်ပတ်နိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ရေကြီးမှုသဘာဝဘေးကာကွယ်ရန် စသော ဒေသ၏အခြေခံလိုအပ်ချက်အခြေအနေများပေါ်မူတည်၍ တည်ဆောက်ပေးလျက်ရှိသည်။ အဆိုပါရေတံခါးများအနက် တောင်သူများ၏အကျိုးစီးပွားကို တိုက်ရိုက်အကျိုးပြုလျက်ရှိသော ရေတံခါးအချို့ကို နားလည်လွယ်စေရန် ကောက်နုတ်တင်ပြပါမည်။

**ရေသွင်းရေတံခါးများ**

တန်ဖိုးရှိလှသောရေချိုများ ပင်လယ်အတွင်းသို့စီးဝင်၍ ဆုံးရှုံးမှုများနည်းနိုင်သမျှနည်းစေရန်အတွက် ရေချိုလိုအပ်သောနေရာများသို့ ပို့ဆောင်ပေးနိုင်ရန် ရေချိုသွင်းရေတံခါးများကို တည်ဆောက်ပေးလျက်ရှိသည်။ ရေချိုသွင်းရေတံခါးများတည်ဆောက်ထားခြင်းမရှိပါက ရေချိုများအနီးဝန်းကျင်တွင်ရှိနေသည့်တိုင်အသုံးပြု၍မရနိုင်ပေ။ ရေချိုဝင်သည့် နေရာများရှိပါကလည်း ရေမြင့်ချိန်တွင် ရေချိုများဝင်လာပြီး ရေနည်းချိန်တွင် မြစ်ချောင်းများအတိုင်း ပြန်ထွက်သွားမည်ဖြစ်သည်။ အချို့နေရာများတွင် ရေချိုကိုရယူနိုင်ရန် လမ်းတာများတွင် ပြွန်ငယ်လေးများဖောက်၍ ရေချိုအနည်းငယ်မျှကိုပင် ခက်ခက်ခဲခဲယူနေကြရပြီး အချို့နေရာများတွင် ကားလမ်းတာများကို ယာယီချိုးဖွင့်၍ (ယာယီအုန်းတုံးတံတားများထိုး၍) ရေချိုကိုခက်ခက်ခဲခဲရယူစိုက်ပျိုးနေကြရသည်။ ရေချိုသွင်းရေတံခါးများ တည်ဆောက်ပေးခြင်းဖြင့် တောင်သူများ၏နှစ်စဉ်ကုန်ကျစရိတ်များ များစွာသက်သာသွားပြီး လုံလောက်သောရေချိုကို လွယ်ကူသေချာစွာရရှိနိုင်ပြီဖြစ်သည်။ တောင်သူများအတွက် အသက်တမျှအရေးကြီးလှသော ရေသွင်းရေတံခါးများဖြစ်သည်။ ရေသွင်းရေတံခါးများသည် လိုသလိုလှည့်တင်လှည့်ချနိုင်သော ရေတံခါးရွက်များတပ်ဆင်ထားပြီး လိုအပ်သောပမာဏကို လိုအပ်သောအချိန်တွင် သွင်းယူနိုင်စေရန်စီစဉ်ထားခြင်းဖြစ်ရာ ရေတံခါးရွက် အတင်၊ အချစနစ်များ ကောင်းမွန်စေရန်နှင့်ရေယူရာလမ်းကြောင်းများရှင်းလင်းကောင်းမွန်စေရန်ကို အလေးထားပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

**ရေထုတ်ရေတံခါးများ**

မိုးရာသီအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ရေကြီးနစ်မြုပ်မှုများမဖြစ်ပေါ်စေရန်အတွက်ရေထုတ်ရေတံခါးများကို တည်ဆောက်လေ့ရှိသည်။ အထူးသဖြင့် ရေတက်၊ ရေကျဖြစ်ပေါ်သော မြစ်ဝကျွန်းပေါ်ဒေသများနှင့် ကမ်းရိုးတန်းဆက်စပ်ဒေသများတွင် တည်ဆောက်လေ့ရှိသည်။ ရေထုတ်ရေတံခါးများ တည်ဆောက်ထားခြင်းမရှိပါက မိုးများစွာရွာသွန်းချိန်တွင် မိုးရေများစိုက်ခင်းများအပေါ် တက်ရောက်ဖုံးလွှမ်းပြီး အဆိုပါမိုးရေများ ပင်လယ်အတွင်းသို့ စီးဆင်းခြင်းမပြုနိုင်ဘဲ တစ်ရက်နှစ်ကြိမ် တက်ရောက်သော ပင်လယ်ဒီရေများ စိုက်ခင်းများအတွင်း ထပ်မံဝင်ရောက်လာခြင်းဖြင့် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်ပျက်စီးဆုံးရှုံးရလျက်ရှိသည်။ ရေထုတ်ရေတံခါးများတည်ဆောက်ခြင်းဖြင့် ပင်လယ်ရေမဝင်ရောက်စေရန်တားဆီးပြီး ပင်လယ်ရေကျချိန်တွင် ပိုလျှံသောမိုးရေများ ပင်လယ်အတွင်းသို့ လျင်မြန်စွာထုတ်နုတ်ပေးလျက်ရှိရာ မိုးစပါးစိုက်တောင်သူများအတွက်အရေးကြီးသောအားထားရာရေထုတ်ရေတံခါးများဖြစ်သည်။ ရေထုတ်ရေတံခါးများတွင် ရေတံခါးရွက်များကောင်းမွန်စေရန်နှင့် ရေထုတ်နုတ်ရာ ရေလမ်းကြောင်းများကောင်းမွန်စေရန်ကို အလေးထားပြုပြင်ထိန်းသိမ်းလျက်ရှိသည်။



ပင်လယ်ရေငန်ကာကွယ်ခြင်း၊ ရေချိုသိုလှောင်ခြင်းနှင့် မိုးရာသီရေထုတ်နုတ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသော ဖျာပုံမြို့နယ် တောင်သူအကျိုးပြု အောက္ကဘာရေထိန်းတံခါးကိုတွေ့မြင်ရစဉ်။

**ရေထိန်းရေတံခါးများ**

နွေစပါးရေချိုသွင်းခြင်း၊ မိုးရာသီ ပိုလျှံမိုးရေများ လျှော့ချထုတ်နုတ်ခြင်း စသည်တို့အပြင် ရေတံခါးအတွင်းရှိ ရေချိုများလေလွင့်ဆုံးရှုံးမှုမရှိစေရန် ရေချိုထိန်းခြင်း (အောင်ရေထိန်းခြင်း) စသည့် ရေစီမံခန့်ခွဲမှုများလုပ်ဆောင်နိုင်ရန် ရေထိန်းတံခါးကြီးများကို တည်ဆောက်လေ့ရှိသည်။ ရေထိန်းတံခါးများသည် မြစ်ရေကြီးချိန် မြစ်ရေများဝင်ရောက်ခြင်းမပြုနိုင်စေရန်၊ ပင်လယ်ရေတက်ချိန် ပင်လယ်ရေများဝင်ရောက်ဖုံးလွှမ်းခြင်းများမဖြစ်ပေါ်စေရန် ရေတံခါးချပ်များဖြင့် တားဆီးပေးပြီး ပင်လယ်ရေကျချိန်တွင် ပိုလျှံမိုးရေများ ပင်လယ်အတွင်းသို့ လျှော့ချထုတ်နုတ်နိုင်စေရန် တစ်ဖက်ပွင့်ရေတံခါးချပ်များကို ရေထုတ်နုတ်မည့် ပင်လယ်ဘက်တွင် တပ်ဆင်ထားလေ့ရှိသည်။ အတင်၊ အချပြုလုပ်နိုင်သော ရေတံခါးချပ်များကို ရေတံခါး၏အတွင်းဘက် (စိုက်ပျိုးနေသည့်ဘက်)တွင် တပ်ဆင်လေ့ရှိသည်။ အဆိုပါအတင်၊ အချရေတံခါးများအား မိုးရာသီတွင်ရေထုတ်နိုင်ရန် မိုးရာသီတစ်ခုလုံးဖွင့်ထားပြီး မိုးကုန်မှသာ (နွေရာသီရောက်မှသာ) ရေချိုသိုလှောင်နိုင်စေရန်အတွက် ပြန်လည်ပိတ်ထားလေ့ရှိသည်။ အတင်အချ၊ အဖွင့်အပိတ်ကို လိုအပ်သလိုထိန်းညှိ ဆောင်ရွက်နိုင်သည်ဖြစ်ရာ တောင်သူများအတွက် ရေသွင်း၊ ရေထုတ်သေချာစေသော ရေထိန်းတံခါးကြီးများဖြစ်သည်။

ရေထိန်းတံခါးများ မတည်ဆောက်ထားပါက မိုးချိုး၊ နွေပိတ်ဟု တောင်သူများခေါ်ဝေါ်သည့် ချောင်းပိတ်တမံများကို နှစ်စဉ်ပြုလုပ်ကြရသည်။ တောင်သူများသည် မိမိတို့စိုက်ပျိုးရေယူမည့်ချောင်းကို နွေရာသီရေငန်မဝင်မီအမြန်ပိတ်ဖို့ရမည်ဖြစ်သည်။ သို့မှသာ ရေငန်ဝင်ရောက်မှုမှကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။ အဆိုပါချောင်းပိတ်ကို မိုးမကျမီတွင် ပြန်၍ချိုးဖျက်ပစ်မှသာ မိုးရာသီတွင် မိုးရေများလျှော့ချထုတ်နုတ်နိုင်မည်ဖြစ်သည်။ မိုးရာသီမတိုင်မီ ချောင်းပိတ်ကို ပြန်မချိုးဖျက်ပစ်ပါက ရေထုတ်နုတ်မှုမရှိဘဲ လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးမည်ဖြစ်သည်။ သို့ဖြစ်ရာ တောင်သူများအဖို့ နွေသီးထပ်စိုက်ပျိုးနိုင်ရန်အတွက် နှစ်စဉ်ကြီးမားသောကုန်ကျစရိတ်များကျခံဆောင်ရွက်ရလျက်ရှိပြီး ချောင်းပိတ်များ၏ကြံ့ခိုင်မှုအားနည်းခြင်း၊ ကျိုးပေါက်တတ်ခြင်း၊ ရေကျော်ဝင်ရောက်တတ်ခြင်း စသော မသေချာမရေရာမှုများကြောင့် အနည်းငယ်သာစိုက်ပျိုးကြသည့်အပြင် နှစ်စဉ်လည်းဆုံးရှုံးမှုများ မကြာခဏကြုံရလေ့ရှိသည်။ ထို့ပြင် မိုးချိုး၊နွေပိတ်ချောင်းပိတ်များပြုလုပ်ရန်မြေကြီးအများအပြားလိုအပ်ပြီး မြေယူရန်ခက်ခဲသော ဖို့မြေရှားပါးခြင်းဒုက္ခများကိုလည်း နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည်။ ရေထိန်းတံခါးများတည်ဆောက်ခြင်းဖြင့် တောင်သူများအတွက် နွေသီးထပ်စိုက်ပျိုးရေသေချာစေသည့်အပြင် နှစ်စဉ်ကျခံနေရသော ကုန်ကျစရိတ်များသက်သာခြင်း၊ ဖို့မြေရှာရသည့်ဒုက္ခများကင်းဝေးပြီး ပုံမှန်ထက်ပိုမို၍ စိုက်ပျိုးလာနိုင်သည်ကိုတွေ့မြင်ရမည်ဖြစ်သည်။ ရေထိန်းတံခါးများသည် ရေတံခါးချပ်များဖြင့် ရေငန်တားခြင်း၊ ရေချိုအလေအလွင့်မဖြစ်စေရန် အောင်ရေထိန်းခြင်း စသည်များကို ဆောင်ရွက်ရသည်ဖြစ်ရာ ရေတံခါးရွက်များကောင်းမွန်စေရန်နှင့် ရေတံခါးအတင်၊ အချစနစ်များ၊ ရေဝင်၊ ရေထွက်လမ်းကြောင်းများကောင်းမွန်စေရန် အလေးထားပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

**ရေယာဉ်အဝင်၊ အထွက်ရေတံခါးများ**

ရေတံခါးများတည်ဆောက်ခြင်းဖြင့် အထက်ဖော်ပြပါကောင်းကျိုးများစွာရရှိနိုင်သော်လည်း တစ်ဖက်တွင်မူ မြစ်ကြောင်းများအတွင်း ရေကြောင်းသွားလာရေးကို ထိခိုက်မှုဖြစ်ပေါ်လာနိုင်သည်ဖြစ်ရာ ရေယာဉ်အဝင်၊ အထွက် ရေတံခါးများကိုပါ ရေတံခါးများအနီးတွင် တွဲလျက်တည်ဆောက်လေ့ရှိသည်။ ဒီရေအတက်၊ အကျဖြစ်ပေါ်သောနေရာများတွင်ရေတံခါးများတည်ဆောက်လေ့ရှိရာ ရေတံခါး၏အတွင်းရှိရေအမြင့်နှင့် ရေတံခါး၏အပြင်ရှိပင်လယ်ရေအမြင့်ကို တူညီစွာထိန်းညှိနိုင်ရန် ရေညှိကန်ကိုတည်ဆောက်ပေးလေ့ရှိသည်။ ရေလမ်းခရီးအသုံးများသောဒေသများတွင် ရေတံခါးများတည်ဆောက်ရမည်ဆိုပါက ရေယာဉ်သွားလာမှုများအပေါ် စနစ်တကျဆန်းစစ်၍ လိုအပ်သော ရေညှိကန်အကျယ်အဝန်းနှင့် လှေလမ်းအရွယ်အစားကို သတ်မှတ်တည်ဆောက်လေ့ရှိသည်။ ရေယာဉ်အဝင်၊ အထွက်ရေတံခါးများရှိခြင်းဖြင့် ရေတံခါးများတည်ဆောက်ခြင်းကြောင့် ရေလမ်းသွားလာမှုကို အဟန့်အတားဖြစ်ပေါ်နိုင်ခြင်းမရှိသည်ကိုတွေ့ရသည်ဖြစ်ရာ ဒေသနေတောင်သူများအတွက် သီးနှံများတိုးတက်စိုက်ပျိုးနိုင်သည့်အပြင် ရေလမ်းဖြင့်ကုန်ထုတ်မှုတွင်လည်း **စာမျက်နှာ ၈ သို့** ◆

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့်၎င်းတို့အနေဖြင့်တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက် ပါဝင်သူများမှအပစိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအားနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# စဉ်လာသမိုင်းစံတင်နှိုင်း၍

* နွေဂုဏ်တင့်သည်၊ လက်ပံနီတို့
စီရီပွင့်ဖူး၊ မြေမှာလူး၍
ရွှင်မြူးတေးဆို၊ ဥဩပျိုလည်း
သံချိုပျံ့လွင့်၊ နွေခန်းဖွင့်ရာ
ချိန်သင့်မိန်လ၊ မြင်ကွင်းလှသည့်
ဌာနမြန်ပြည် နွေပန်းချီ။

* ထိုနွေပန်းချီ
အတိတ်ဆီသို့၊ မှန်းရည်တွေးပြန်
ဖက်ဆစ်ရန်ကို၊ တွန်းလှန်ခဲ့ကြ
တပေါင်းလတွင်၊ သားလှစစ်သည်
လက်တွဲညီကာ၊ ပြည်သူအပေါင်း
အားဖြည့်လောင်းသည့်၊ အောင်ကြောင်းပုံရိပ်
မျိုးချစ်စိတ်အား၊ နိမိတ်ဖော်တွေး
ရဲသွေးစွေးနီ ဂုဏ်ဒြပ်တည်။

* ထိုဂုဏ်ဒြပ်ကို၊ မြတ်နိုးလေးစား
တန်ဖိုးထားမိ၊ သွေးသားထိတိုင်
စွဲငြိဖွဲ့နှောင်၊ တို့ပြည်ထောင်သား
ပေါင်းစုအားနှင့်၊ စစ်သားဇာနည်
လက်တွဲညီကာ၊ ပြည်မြန်မာ၏
စဉ်လာသမိုင်း၊ စံတင်နှိုင်း၍
တိုင်းပြည်ရန်ရှင်း၊ ညီညွတ်ခြင်းဖြင့်
ပွင့်လင်းခေတ်မီ၊ နိုင်ငံတည်စို့
တိုင်းပြည် လူမျိုး၊ ချစ်စိတ်ပျိုးထောင်
ဖွံ့ဖြိုးအောင်ပြု၊ စည်းလုံးမှုနှင့်
ခုချိန်မှစ၊ ဆောင်ရွက်ကြလျှင်
သာစွမြန်ပြည် တိုးတက်မည်။
ကမ္ဘာ့အလယ် ဝင့်ထည်မည်။ ။

**အင်ကြင်းမေ**

# ပင်းတယမြို့၌ ကော်ဖီစိုက်ပျိုး စီမံထိန်းသိမ်းမှု စာတွေ့လက်တွေ့ သင်တန်းဖွင့်လှစ်ပို့ချ

ပင်းတယ မတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ရပ်ကွက်/ကျေးရွာများရှိ ကော်ဖီစိုက်ပျိုးရေး စိတ်ပါဝင်စားသူများမှ ကော်ဖီခင်းများ လက်တွေ့စိုက်ပျိုးနေသူတောင်သူများအတွက် စနစ်တကျကော်ဖီစိုက်ပျိုးစီမံထိန်းသိမ်းမှု စာတွေ့လက်တွေ့သင်တန်းကို မတ်လ ၂၂ ရက်မှ ၂၄ ရက်အထိ ပင်းတယမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရက်တိုသင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကော်ဖီသီးနှံစိုက်ပျိုးရေးသင်တန်းတွင်ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမီမီမြင့်က ကော်ဖီသီးနှံစိုက်ပျိုးရေးနှင့် စီမံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများအကြောင်းကို သင်တန်းသို့ တက်ရောက်လာသည့် ပင်းတယမြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ကော်ဖီစိုက်တောင်သူများ၊ မြို့နယ်စိုက်ပျိုးရေးရုံးမှဝန်ထမ်းများအား စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ ကော်ဖီသီးနှံစိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားသည့် မည်သူမဆို အခမဲ့တက်ရောက် သင်ယူနိုင်ကြောင်း၊ သင်တန်းတွင် စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းတက်ရောက်သူများအား နိုင်ငံတကာအသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

◆ **စာမျက်နှာ ၇ မှအဆက်**

အဆင်ပြေလျက်ရှိသည်။ ရေယာဉ်အဝင်၊ အထွက် ရေတံခါးများတွင် ရေတံခါးချပ်များဖြင့် ရေထိန်းညှိရသည်ဖြစ်ရာ ရေတံခါးချပ်များ ကောင်းမွန်စေရေး အစဉ်ဂရုစိုက် ဆောင်ရွက်လျက်ရှိသည်။

ဖော်ပြပါရေတံခါးများဖြင့် တန်ဖိုးရှိလှသောရေချိုအရင်းအမြစ်များကို စနစ်တကျထုတ်ယူသုံးစွဲလျက်ရှိသည့်အပြင် တောင်သူများ၏အကျိုးစီးပွားကိုလည်း မြှင့်တင်ပေးလျက်ရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ တောင်သူများဘက်မှလည်း ရေသွင်း၊ ရေထုတ်ရေတံခါးများနှင့် ရေထိန်းတံခါးများအပေါ် ပြန်လည်၍ မိမိတို့တတ်နိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ ရေတံခါးအနီးငါးဖမ်းခြင်း၊ ဒိုက်ဖေဒါများချခြင်း၊ ချုံချငါးဖမ်းခြင်း၊ရေတံခါးရွက်များလှန်ဖွင့်၍ ရေစိမ်းထိုးခြင်း (ပိုက်ထောင်ခြင်း) စသော ခွင့်ပြုထားခြင်း မရှိသည့် တောင်သူအကျိုး၊ နိုင်ငံ့အကျိုးကို ထိခိုက်စေနိုင်သော အပြုအမူများကို ရှောင်ရှားရမည့်အပြင် တစ်ပါးသူဆောင်ရွက်နေသည်များကို တွေ့မြင်ရပါကလည်းတားမြစ်ရမည်၊ သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် ရေတံခါးနယ်နိမိတ်များအတွင်း ကျူးကျော်နေထိုင်ခြင်းနှင့် ရေတံခါးအဝင်၊ အထွက် လမ်းကြောင်းများကို အတားအဆီးဖြစ်စေသောအပြုအမူများကိုရှောင်ရှားရမည့်အပြင် တွေ့ရှိပါကလည်း ရေတံခါးရေရှည်တည်တံ့ရေးအတွက်ကူညီပေးရမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် တောင်သူများနှင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးကြီးမားသော ရေတံခါးများကာလသက်တမ်းကြာရှည်စွာ ရေသွင်းရေထုတ်လုပ်ငန်းများလုပ်ဆောင်နိုင်စေရေးအတွက် နိုင်ငံတော်တစ်ခုတည်းတွင် တာဝန်ရှိသည်ဟုမှတ်ယူခြင်းမပြုဘဲတောင်သူများဘက်မှလည်း ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ဒေသနေတောင်သူများအတွက် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်မည်ဖြစ်ပါကြောင်း ဒေသ၏လူမှုစီးပွားရေးများဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ရေးသားလိုက်ရပါသည်။ ။

# တိုင်းဒေသကြီးဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တွေ့ဆုံမှာကြား



နေပြည်တော် မတ် ၂၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဥပဒေရေးရာဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာန၏ တတိယမြောက် မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉)ကို **“ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်” "Building Legal Trust for the People"** ဖြင့်ပန်းတိုင်ငါးရပ်၊ မဟာဗျူဟာအစီအစဉ် ၆၁ ခုကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါမဟာဗျူဟာစီမံကိန်းအရ ဥပဒေအသိပညာဆိုင်ရာ ဒီပလိုမာဘွဲ့သင်တန်းနှင့် တက္ကသိုလ်ကျောင်းသားများနှင့် ရှေ့နေရှေ့ရပ်များအတွက် ဥပဒေပညာရပ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ Grade 12 သင်ရိုးညွှန်းတမ်းတွင် ဥပဒေဘာသာရပ် ထည့်သွင်းပို့ချနိုင်ရန် ဆောင်ရွက်ခြင်း၊ e-library တည်ထောင်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့ပြင်အခြေခံပညာအဆင့်ကျောင်းသား၊ ကျောင်းသူများကိုပါ ဥပဒေအသိပညာပြန့်ပွားရေးဆောင်ရွက်နိုင်ရေးအတွက် Grade 11၊ Grade 12 ဆရာ၊ ဆရာမများအား ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားစေရေးအတွက် နိုင်ငံ့ဝန်ထမ်းပေါင်း ၃၁၀၁၀၂ ဦးကိုဗဟုသုတဖြန့်ဝေနိုင်ခဲ့ကြောင်း၊ ဥပဒေအရာရှိများ၏ အရည်အသွေးမြင့်မားရေးဆိုင်ရာ သင်တန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူလူထုအကြား ဥပဒေဗဟုသုတ အသိပညာများ အလွယ်တကူပျံ့နှံ့နိုင်စေရန်နှင့် ဥပဒေဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီစေရန် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ လမ်းညွှန်ချက်အရ ဥပဒေရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်ကျွမ်းကျင်စွာသုံးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဥပဒေအနှစ်ချုပ် လက်ကိုင်စာအုပ်များပြုစု၍ သင်ရိုးညွှန်းတမ်းရေးဆွဲပြုစုသင်ကြားပို့ချရန်၊ ဥပဒေနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး လေးစားလိုက်နာရေးအတွက် ဥပဒေအသိပညာပြန့်ပွားရေးအစီအမံများ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန် အကျိုးရှိစွာအသုံးပြုရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များက ဥပဒေ(မူကြမ်း)များကို စိစစ်ရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ ၁၇-၁-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဥပဒေရုံးအဆင့်ဆင့်တွင် အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ်(case management) ကောင်းမွန်စေရန် ရှေ့ပြေးဥပဒေရုံး ၁၈ ရုံးအပြင် မဟာဗျူဟာစီမံကိန်း(၂၀၂၅ – ၂၀၂၉) အရ ရှေ့ပြေးဥပဒေရုံးများကို တိုးချဲ့တည်ထောင်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ (၅၀၀)

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများတွေ့ဆုံ



နေပြည်တော် မတ် ၂၃

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံး၌ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီစိစစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် ထိရောက်အကျိုးရှိစေရေး ကျင့်ဝတ်များနှင့်အညီ စစ်ဆေးထိန်းကျောင်းပေးလျက်ရှိကြောင်း၊ မိမိတို့၏ဆောင်ရွက်မှုများသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် များစွာအကျိုးရှိပြီး အရေးပါသောကဏ္ဍမှပါဝင်လျက်ရှိသဖြင့် အရည်အသွေးပြည့်ဝသည့်အစီရင်ခံစာများထုတ်ပြန်နိုင်ရန် လိုအပ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကို လမ်းစဉ်အတိုင်း မကြွင်းမကျန်ဖော်ပြ၍ အစီရင်ခံတင်ပြရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်လုံခြုံရေးအတွက်လည်း အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ်စာရင်းစစ်ရုံးအရာထမ်းများက ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်သည့် ရုံးအဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၃

ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရေနှင့်ဆက်နွယ်သည့်ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသော ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာတမ်းဖတ်ကြားဆွေးနွေးတင်ပြမည့်သူများ၊ ဘာသာရပ်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့်သူများ၊ ရေနှင့်ဆက်နွယ်သည့် ဌာနအဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုနှစ် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင် ကမ္ဘာ့ရေနေ့ ၂၀၂၅ ဆောင်ပုဒ်ဖြစ်သည့် “ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့” (Glacier Preservation) နှင့် ဆက်နွယ်သည့်စာတမ်းများကို သက်ဆိုင်ရာပညာရှင်များက ဖတ်ကြားတင်ပြသွားမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအနေဖြင့် သိရှိလိုသည်များကို မေးမြန်းခြင်း၊ ပိုမိုကောင်းမွန်စေရန် ဖြည့်စွက်အကြံပြုပေးခြင်းတို့ဖြင့် ပူးပေါင်းပါဝင် ဆွေးနွေးပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ရေအရင်းအမြစ်များကိုစနစ်တကျထိန်းသိမ်းပြီး ရေရှည်အသုံးပြုနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့ စာတမ်း၊ မြန်မာနိုင်ငံအတွင်း ရေဖူလုံစေရေး၊ ရေအရင်းအမြစ်များ ထုတ်ဖော်အသုံးချရေး စာတမ်းများကိုလည်းကောင်း၊ ရေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနအဖွဲ့အစည်းများက ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၀ စောင်ကိုလည်းကောင်း ဖတ်ကြားခဲ့ပြီး စာတမ်းများနှင့်ပတ်သက်သည့် တင်ပြချက်များအပေါ် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခြင်း၊ ဖြည့်စွက်အကြံပြုဆွေးနွေးခြင်းများပြုလုပ်ကြပြီး ရေဆိုင်ရာပညာရှင်များက “ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စာတမ်းဖတ်ကြားဆွေးနွေးခဲ့သည့် ပညာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ပြီး နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်း ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကျင်းပချိန်တွင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ်ဓာတ်ပုံပြပွဲပြခန်းများအား Nay Pyi Taw State Academy နှင့် နေပြည်တော်ရှိအခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။






ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများကို ရေသယံဇာတအရင်းအမြစ်များ အကန့်အသတ်ရှိမှု၊ ရေအရင်းအမြစ်များ ရေရှည်တည်မြဲရန်လိုအပ်မှု၊ ရေအရင်းအမြစ်တစ်ခုဖြစ်သည့် ရေခဲမြစ်များ ထိန်းသိမ်းရန်လိုအပ်မှုနှင့် ရေကိုစနစ်တကျ ချွေတာသုံးစွဲရန်လိုအပ်မှုကို အများပြည်သူသိရှိပြီး လိုက်နာဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



ရန်ကုန် မတ် ၂၃

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဗဟိုမှကြီးမှူးပြီး စုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ ၂၃ ရက်တွင် ရန်ကုန်မြို့ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းနေမှုများကို တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူရှင်များအား အာဟာရပြည့်စားသောက်ဖွယ်များ ပေးအပ်ခဲ့ကြသည်။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အသင်းသား၊ အသင်းသူများ စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း၊ ထိုသို့ လှူဒါန်းရာ၌ မတ်လ ၁၅ ရက်တွင် ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်၌လည်းကောင်း၊ မတ်လ ၁၆ ရက်တွင် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံ (ခုတင်-၅၀၀)၌လည်းကောင်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အရေးပေါ်သွေးလိုအပ်သူများရှိပါက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**လင်းခန့်**

# ဆီဆိုင်မြို့နယ်၌ ရှေးဦးပြုစုခြင်းအခြေခံ (၁/၂၀၂၅) သင်တန်းဖွင့်လှစ်

ဆီဆိုင် မတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြီးမှူး၍ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဖြင့် ပူးပေါင်းပြီး ရှေးဦးပြုစုခြင်းအခြေခံ (၁/၂၀၂၅) သင်တန်းကို မတ်လ ၂၃ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အဆိုပါဖွင့်ပွဲတွင် ဆီဆိုင်မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးချိုတူးမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးမျိုးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းတွင် သင်တန်းနည်းပြများက ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ ရှေးဦးပြုစုခြင်းအတွေးအခေါ်များ၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ မူးမေ့ခြင်း စသည်တို့ကို ရှေးဦးပြုစုနည်း၊ လူနာကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ် အထောက်အကူပြုနည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးကြောင်း သိရသည်။

သင်တန်းကို မတ်လ ၂၃ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါများကို လျာထားကေထက် ကျော်လွန်စိုက်ပျိုးထား

မန္တလေး မတ် ၂၃

မန္တလေးတိုင်းဒေသကြီး၌ သမဝါယမအသင်းသားတောင်သူများသည် ယခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါများကို လျာထားကေထက် ကျော်လွန်စိုက်ပျိုးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်ရှိ သမဝါယမအသင်းဝင်ထားသော အသင်းသားတောင်သူများသည် ယခုအခါ မိုးကြိုချည်မျှင်ရှည်ဝါများကို စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ဧက ၂၀၀၁၀ စိုက်ပျိုးရန် လျာထားသော်လည်း လက်ရှိတွင် လျာထားကေထက် ကျော်လွန်ကာ ၂၀၀၅၆ ဧကအထိ စိုက်ပျိုးထားပြီးဖြစ်သည်။

"အခုချိန်က မိုးကြိုဝါစိုက်ပျိုးတဲ့ရာသီအချိန်အခါဖြစ်ပြီး ဒီနှစ်မှာ သမဝါယမအသင်းသားတောင်သူတွေက လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးတဲ့ မြို့နယ်ခြောက်မြို့နယ်က သမဝါယမအသင်းသား တောင်သူတွေကို တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းနဲ့ညီမျှတဲ့ ဝါမျိုးစေ့တွေနဲ့ သွင်းအားစုတွေ ပံ့ပိုးပေးပြီးဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းဌေးကပြောသည်။

နိုင်ငံတော်မှ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါကို အလေးထားဆောင်ရွက်နေသကဲ့သို့ သမဝါယမဦးစီးဌာနအနေဖြင့်လည်း ပန်းတိုင်အထွက်နှုန်းရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် မိုးကြိုဝါစိုက်ပျိုးစဉ်ကလည်း မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းသားတောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၇၃၃ ဒသမ ၄၀၁ သန်း ပံ့ပိုးပေးခဲ့ပြီး သမဝါယမအသင်းပိုင်ငွေများထဲမှ ငွေကျပ်သန်းပေါင်း ၄၇၅၀ ကျော် ပံ့ပိုးပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း ဝါစိုက်ပျိုးသည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မိုးကြိုချည်မျှင်ရှည်ဝါများကို စိုက်ပျိုးရာတွင် တချို့ဒေသများ၌ ကြက်သွန်ပင်များကြားတွင် သီးညှပ်စိုက်ပျိုးကြပြီး ထိုသို့စိုက်ပျိုးခြင်းအားဖြင့် ကြက်သွန်ခင်းများအတွက် ထည့်သွင်းထားသော မြေဩဇာများ၏အာနိသင်များကို မိုးကြိုဝါပင်ပေါက်များက ဆက်လက်စားသုံးခြင်းဖြင့် မြေဩဇာသုံးစွဲရမှု တစ်ကြိမ်သက်သာသည့်အပြင် မြေဆွပြီးသား၊ ပေါင်းရှင်းပြီးသားဖြစ်သောကြောင့် လုပ်အားခလည်း သက်သာကြောင်း သိရသည်။

**ဆောင်းဦး**

# မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကိုဆက်သွယ်ထားသည့် မင်းသန်း - မောင်းလျော်(တနင်္သာရီမြစ်ကူးတံတား) ရာနှုန်းပြည့်ပြီးစီး

မြိတ် မတ် ၂၃

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့နယ်နှင့်ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ထားသည့် မင်းသန်း-မောင်းလျော် (တနင်္သာရီမြစ်ကူးတံတား) တည်ဆောက်မှု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို တနင်္သာရီမြစ်ကူးတံတား (ဒေသအခေါ် မင်းသန်း-မောင်းလျော်တံတား)ဟု ခေါ်ဆိုကြပြီး တနင်္သာရီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားကြောင်း၊ ယင်းတံတားကို ၂၀၁၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ရာနှုန်းပြည့်ပြီးစီးကြောင်း သိရသည်။

"လက်ရှိတံတားပေါ်ကနေ ဆိုင်ကယ်၊ ကားတွေ ဖြတ်သန်းသွားဖို့အဆင်သင့်ဖြစ်နေပါပြီ။ မြိတ်မြို့နယ်နဲ့ ကျွန်းစုမြို့နယ်ကဒေသခံတွေက အရင်က ရေလမ်းခရီးကိုပဲ အဓိကအသုံးပြုနေရတာဖြစ်ပြီး အခုလိုတံတားတည်ဆောက်ပြီးတဲ့အတွက် ကုန်းလမ်းကနေ တိုက်ရိုက်သွားလာလို့ရပါပြီ" ဟု မောင်းလျော်ကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

အဆိုပါစီမံကိန်းကို ငွေကျပ် ၁၃ ဘီလီယံကျော် အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း၊ ယင်းတံတားသည် မြိတ်မြို့နယ်ရှိ မင်းသန်းကျေးရွာနှင့် ကျွန်းစုမြို့နယ်ရှိ မောင်းလျော်ကျေးရွာတို့ကိုဆက်သွယ်ထားသည့် မြစ်ကူးတံတားဖြစ်ကြောင်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ သိရသည်။

မင်းသန်း - မောင်းလျော်မြစ်ကူးတံတားသည် အရှည် ပေ ၂၁၀၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၂ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၂၆ ပေရှိကာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်ထောင်စုခွင့်ပြုငွေနှင့် တိုင်းဒေသကြီးခွင့်ပြုငွေတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားမှာ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ ကျော်မှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့အတွက် ရာသီမရွေး ကူးလူးဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**မြင့်ဦး(မြိတ်)**



# နီပေါဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal နှင့်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရား ဖူးမြော်ပြီး ယွန်းပညာကောလိပ်လေ့လာ



ညောင်ဦး မတ် ၂၃

မတ်လ ၂၁ ရက်က နေပြည်တော်၌ ကျင်းပသော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် နီပေါဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။

ထိုသို့ သွားရောက်ဖူးမြော်ကြည်ညိုစဉ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ဘုရားကြီးသမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဘုရားကြီး ပုံတော်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ယွန်းပညာကောလိပ်(ပုဂံ)သို့ ရောက်ရှိရာ ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာမကြီးက ကောလိပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယွန်းပညာကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ယွန်းလက်မှုပစ္စည်း အရောင်းဆိုင်များကိုလည်းကောင်း၊ ဦးဘငြိမ်း ယွန်းပစ္စည်း အရောင်းဆိုင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။



(သတင်းစဉ်)

# လေးမျက်နှာမြို့နယ် ခတ္တာ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီးသံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာသို့သွားရောက်၍ တောင်သူ ဦးသန်းမြင့်၏ ပီလောပီနံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း၌ ပီလောပီနံများ ရေဆေးသန့်စင်ကြိတ်ခွဲခြင်း၊ အခြောက်လှန်းခြင်းလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပီလောပီနံ ၃၇၄၂၉ ဧက စိုက်ပျိုးထားရာ ဟင်္သာတ၊ လေးမျက်နှာ၊ ကျုံပျော်မြို့နယ်တို့၌ ၂၈၀၆၄ ဧက စိုက်ပျိုးကြပြီး ၎င်းတို့အနက် သမဝါယမစနစ်ဖြင့် စိုက်ပျိုးသော ၂၁၉၁ ဧကကို တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင်ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပံ့ပိုးပေးထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရှမ်းရွာကျေးရွာသို့သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျေးရွာတွင်း လျှပ်စစ်မီးသွယ်တန်းရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး လေးမျက်နှာမြို့နယ် ခတ္တာကျေးရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးခဲ့သော ခတ္တာကြိုးတံတား ၁၆၅ ပေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ခတ္တာ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီးလမ်းပေါ်တွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးခဲ့သော သံကူကွန်ကရစ်တံတား ပေ ၂၂၀ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးမည့် ခတ္တာ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီးလမ်း ၃ ဖာလုံ ကျောက်ချောခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သက္ကရာဇ် ၄၂၀ ပြည့်နှစ်၌ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကန်တော့၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးနေသော ဝန်မြစ်ကမ်းထိန်းလုပ်ငန်းများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ လေးမျက်နှာမြို့လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ သွားရောက်ပြီး ဆရာတော်အား ဖူးမြော်ကန်တော့၍ ကျောင်းသားများအတွက် အလှူငွေနှင့် ဆန်၊ ဆီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ်လ ၂၅၊ ၂၆ ရက်နေ့များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လုံခြုံရေးဆပ်ကော်မတီ**
**(နေပြည်တော်တိုင်းစစ်ဌာနချုပ်)**
**နေပြည်တော်**
**ဖုန်း၊ ၀၃၂-၃၀၀၀၉**

◆ ရှေ့ဖုံးမှအဆက်

ထိုသို့ဆောင်ရွက်လျက်ရှိရာကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး ယခု တန်ချိန် ၁၅၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ ယမန်နေ့ညနေပိုင်းက ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကံမမြို့နယ်၌ အောင်နိုင်တိုးနွေစပါး ဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲကျင်းပ

ကံမ မတ် ၂၃

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ အောင်နိုင်တိုး နွေစပါးဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲနှင့် ပိုက်ဆန်လျှော် သစ်စိမ်းမြေသြဇာ မျိုးစေ့ထောက်ပံ့ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စပါယ်ခြုံကျေးရွာ ကွင်းအမှတ် (၁၆၆)၌ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးက အောင်နိုင်တိုးနွေစပါး ဧက ၁၀၀ စံပြကွက် စိုက်ပျိုးပြသခြင်းနှင့် ပိုက်ဆန်လျှော် သစ်စိမ်းမြေသြဇာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားပြီး သရက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက မဒေးဆည် ရေသောက်ဧရိယာတွင် သုံးသီးစိုက်ပျိုးမည့်သီးနှံပုံစံကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက အောင်နိုင်တိုးစပါးမျိုး၏ မျိုးအရည်အချင်းလက္ခဏာများကို ရှင်းလင်းပြောကြားပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးဇော်မိုးလွင်က ပိုက်ဆန်လျှော်အသုံးပြု၍ သစ်စိမ်းမြေသြဇာပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးသည်။


ဆက်လက်၍ စပါယ်ခြုံကျေးရွာ ကွင်းအမှတ် (၁၆၆)၌ အောင်နိုင်တိုး နွေစပါးဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုးနေသော တောင်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး ပိုက်ဆန်လျှော်သစ်စိမ်းမြေသြဇာမျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်ကြသည်။



ကံမမြို့နယ်တွင်ယခုနှစ်နွေစပါးရာသီ၌ နွေစပါးလျာထား ၁၇၂၇ ဧက အောင်မြင်စွာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

လင်းခန့်

## မိုးလေဝသ သတင်း




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ သက်တော် (၇၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၃

ရေစကြိုဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ သက်တော် (၇၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်(၁)၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရ (ကြံခင်း-ဆရာတော်) အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြသည်။

ဦးစွာ ကြံခင်း-ဆရာတော်ထံမှ ညှိ့ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ (ရွှေဘို-ဆရာတော်)ထံမှ ဩဝါဒကထာ နာယူကြသည်။

ယင်းနောက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ကျမ်းပြုစာဆို၊စာချနာယက ပဋ္ဌာန်းအလင်းရောင်ဆရာတော်အရှင်တေဇနိယ ရေးသားပူဇော်သည့် သုံးချက်ညီ ပိုဒ်စုံရတုကို တေးသံရှင် ရွှေဖူးသွယ်က သီဆိုပူဇော်ပြီး အရှင်စန္ဒနာလင်္ကာရ (ပေါင်းဝရွှေသိမ်တော်) ရေးသားပူဇော်သည့်ဂုဏဝိသိဋ္ဌ ပူဇာကထာကို ကျောက်ပန်းတောင်း တိပိဋကဆရာတော် အရှင်ပညာဝံသာဘိဝံသ ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ညှိ့ပရိသတ်များကလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ၂၀၂၅ ခုနှစ် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အောင်ပန်းဆင်ခဲ့ကြသော သာသနာ့အာဇာနည် ၃၆ ပါး၊ နိကာယ်စာမေးပွဲ အသီးသီးအောင်မြင်ခဲ့ကြသော သာသနာ့အာဇာနည် အရှင်မြတ်များအား အလှူရှင်များက အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ အနုမောဒနာတရားတော်နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

နံနက်ပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်ကြီးနှင့်ဆရာတော်၊သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာဖွင့်

ရန်ကုန် မတ် ၂၃

နှစ် (၈၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် လူငယ်များက လူငယ်စင်တာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လူငယ်စင်တာဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လူငယ်စင်တာအတွင်းရှိ စာကြည့်တိုက်၊ အင်တာနက်ခန်းမ၊ အစည်းအဝေးခန်းမ၊ သင်တန်းခန်းမ၊ အနုပညာခန်းမ၊ ဘက်စုံသုံးခန်းမနှင့် အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် လူငယ်များက "လူငယ်စွမ်းရည်" ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဖွင့်လှစ်သည့် လူငယ်စင်တာသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပထမဦးဆုံး စတင်ဖွင့်လှစ်ခဲ့သည့် လူငယ်စင်တာဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့များအချင်းချင်း မိတ်ဆက်ဆောင်ရွက်နိုင်သော လက်တွေ့ကျသည့် ယန္တရားတစ်ခုဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူငယ်စင်တာများကို ဆက်လက်ဖွင့်လှစ်သွားနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် လူငယ်စင်တာတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူငယ်များက "လူချွန်လူကောင်း" တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက်အလှူရှင်များက အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုကော်မတီသို့ လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၆၄၈၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ကင်းထောက်လူငယ်များက "ပြည်သူ့အတွက်အစဉ်အသင့်" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး လူငယ့်အားမာန်စာကြည့်တိုက်သို့ လှူဒါန်းသည့် စာအုပ်များအား ဒုတိယဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများသည် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက လူငယ်စင်တာ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များအား ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး လူငယ်များက "ဇာတိမာန်" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းနှင့် တစ်နှစ်တာလျှပ်စစ်မီးရရှိရေးအတွက် ကုန်ကျငွေကျပ် ၄၁၅၈ သိန်းကျော်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အစဉ်အလာကောင်းများဖြင့် ပြည်သူ့ရှေ့မှာ အမြဲအသင့်ရှိနေသည့်တပ်မတော်

မနောဖြူ

ယနေ့ခေတ် ကျွန်ုပ်တို့၏မြန်မာ့တပ်မတော်သည် သမိုင်းစဉ်ဆက် ခေတ်အဆက်ဆက်ကတည်းက ရှင်သန်ပေါ်ထွန်းခဲ့သော မြန်မာ့တပ်မတော်ပင်ဖြစ်သည်။ ခရစ်နှစ် ၁၀၄၄ ခုနှစ် ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကိုထူထောင်ခဲ့သော အနော်ရထာမင်းကြီး၏ မြန်မာ့တပ်မတော်၊ ခရစ်နှစ် ၁၅၅၁ ခုနှစ် တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုထူထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး၏ မြန်မာ့တပ်မတော်၊ ခရစ်နှစ် ၁၇၅၂ ခုနှစ် ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး၏ မြန်မာ့တပ်မတော်တို့ကဲ့သို့ပင် ဇာတိသွေး၊ ဇာတိမာန်ပြည့်ဝပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြှင့်တင်၍ တိုင်းရင်းသားပေါင်းစုံတို့ဖြင့် ဖွဲ့စည်းထူထောင်ထားသော အမျိုးသားရေးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့် မျိုးချစ်တပ်မတော်ပင်ဖြစ်သည်။

ကျွန်ုပ်တို့၏မြန်မာ့တပ်မတော်သည် ယနေ့ချိန်ခါမှ ပြည်သူ့ကြားမှ ပေါ်ထွန်းလာသော တပ်မတော်တစ်ရပ်မဟုတ်ပါ။ ကမ္ဘာ့အလယ်မှာ မြန်မာဟေ့ဆိုပြီး ဂုဏ်ယူဝင့်ကြွားစေနိုင်သော၊ ခေတ်အဆက်ဆက်ကတည်းက နိုင်ငံသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ထွန်းခဲ့သော မျိုးချစ်တပ်မတော်ဖြစ်သည်။ တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို ဘယ်တော့မှသစ္စာမဖောက်ခဲ့ပါ။ နိုင်ငံနှင့်လူမျိုးအတွက်၊ အမျိုးဘာသာသာသနာအတွက် အမြဲတမ်းတာဝန်ကျေပွန်ခဲ့သော တပ်မတော်လည်းဖြစ်သည်။ ကျွန်ုပ်တို့၏မြန်မာ့တပ်မတော်သည် အမျိုးကိုကာကွယ်စောင့်ရှောက်လိုသောစိတ်၊ အမျိုးဂုဏ်ကိုမြှင့်တင်လိုသောစိတ်ကို အခြေခံပြီး ဇာတိသွေး၊ ဇာတိမာန်ပြည့်ဝသူတို့၏နှလုံးသွေးဖြင့် ပုံဖော်ထုဆစ်တည်ဆောက်ထားသော "မျိုးချစ်တပ်မတော်"ဆိုရင်လည်း မမှားပေ။

တပ်မတော်ဟူသည် စစ်ရေးစစ်ရာအတွက် လက်နက်တပ်ဆင်ထားပြီး ကြည်း၊ ရေ၊ လေ တပ်များစနစ်တကျပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးတပ်ပေါင်းစုကြီးလည်းဖြစ်သည်။ အင်အားတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စွမ်းရည်ထက်မြက်သော တပ်မတော်တစ်ရပ်ရှိမှသာလျှင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အေးချမ်းသာယာမှုတို့ကို ဖန်တီးနိုင်မည်ဖြစ်သည်။ ပထမမြန်မာနိုင်ငံကိုထူထောင်ခဲ့သော အနော်ရထာမင်းကြီးသည် စစ်သည်ရဲမက်များကို အလွယ်တကူ စုစည်းနိုင်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့တို့ကို စနစ်တကျထူထောင်နိုင်ခဲ့ခြင်းကြောင့် မြန်မာတို့ဩဇာအာဏာသည် တောင်ဘက်တွင် မလာယုကျွန်း၊ အရှေ့တောင်ဘက်တွင် ကမ္ဘောဒီးယား၊ အရှေ့ဘက်နှင့်မြောက်ဘက်တွင် တရုတ်နယ်စပ်၊ အနောက်ဘက်တွင် ပဋိက္ကရားအထိ ပျံ့နှံ့သက်ရောက်ခဲ့သည်။

အလားတူ ဒုတိယမြန်မာနိုင်ငံတော်ကိုထူထောင်ခဲ့သောဘုရင့်နောင်မင်းတရားကြီးသည် မြန်မာနိုင်ငံပြင်ပဖြစ်သော မဏိပူရ၊ ကသည်း၊ ရှမ်းကိုးပြည်၊ ဇင်းမယ်နှင့်လင်းဇင်း ပြည်နယ်များကိုလည်းကောင်း၊ မြန်မာတို့၏ဩဇာခံဖြစ်လာအောင် သိမ်းသွင်းနိုင်ခဲ့သည်။ စနစ်ကျသော ဘုရင့်နောင်၏တပ်တွင် ဆင်တပ်၊ မြင်းတပ်၊ အမြောက်တပ်နှင့်လှံတပ်များ ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် မြန်မာ့တပ်မတော်၏စွမ်းအားသည် အရှေ့တောင်အာရှနယ်ပယ်အားလုံးကို ဩဇာလွှမ်းမိုးထားနိုင်ခဲ့သည်။

ထိုနည်းတူ တတိယနိုင်ငံတော်ကိုထူထောင်ခဲ့သော အလောင်းမင်းတရားကြီး၏ မြန်မာ့တပ်မတော်သည်လည်း အင်အားတောင့်တင်းပြီး အရည်အသွေး၊ အဆင့်အတန်းမြင့်မားခဲ့သည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် ဆင်တပ်၊ မြင်းတပ်၊ ကြည်းတပ်နှင့်ရေတပ်များအပြင် မြင်းရည်တက်တပ်ဖွဲ့များကိုပါ ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့ကြောင့် အင်အားကြီးမား၍ စွမ်းရည်မြင့်မားသောတပ်မတော်ကို အလောင်းမင်းတရားကြီးလက်ထက်တွင် တွေ့မြင်နိုင်သည်။ ပြည်သူတို့၏စိတ်နှလုံးလည်း အေးချမ်းခဲ့ရသည်။ စီးပွားရေး၊ လူမှုရေးကိစ္စများလည်း အဆင်ပြေစေခဲ့ပြီး တစ်မျိုးသားလုံးမျိုးချစ်စိတ်ဓာတ် ရှင်သန်ခဲ့ရသည်။ သို့သော် ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲ၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲနှင့်နောက်ဆုံး သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲဖြစ်ကာ မြန်မာတို့ထီးကျိုး စည်ပေါက်ထီးနန်းပျောက်ခဲ့ရသည်။ သို့သော်လည်း မြန်မာတို့သည် ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ အသင်း၊ ၁၉၂၀ ပြည့်နှစ်တွင် ဂျီစီဘီအေအသင်းနှင့် ပထမကျောင်းသားသပိတ်၊ ၁၉၃၀ ပြည့်နှစ်တွင် တောင်သူလယ်သမားအရေးတော်ပုံ၊ ၁၉၃၆ ခုနှစ်တွင် ဒုတိယကျောင်းသားသပိတ်၊ ၁၉၃၈ ခုနှစ်တွင် ရေနံမြေသပိတ်နှင့် ၁၃၀၀ ပြည့်အရေးတော်ပုံအစရှိသော အမျိုးသားရေးလှုပ်ရှားမှုတို့ဖြင့် နယ်ချဲ့တို့ကို ဆန့်ကျင်တွန်းလှန်တိုက်ခိုက်ခဲ့သော်လည်း နယ်ချဲ့တို့၏လူအင်အားသာလွန်မှု၊ လက်နက်အင်အားကောင်းမွန်မှုတို့ကြောင့် ထင်တိုင်းမဖြစ်ခဲ့ပေ။ မျိုးချစ်စိတ်မည်သို့ပင်ပြင်းပြပါစေ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စွမ်းရည်ထက်မြက်သည့် တပ်မတော်တစ်ရပ်မဟုတ်သည့်အတွက် ရည်ရွယ်ချက်ပန်းတိုင်နှင့်အလှမ်းဝေးကွာခဲ့သည်။

ထို့ကြောင့် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံကာ အင်အားတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စွမ်းရည်ထက်မြက်သည့် တပ်မတော်တစ်ရပ်ရှိမှသာ မိမိနိုင်ငံ၊ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဟုသိရှိနားလည်ခဲ့သောကြောင့် သခင်အောင်ဆန်းဦးဆောင်သည့် မျိုးချစ်လူငယ်သုံးကျိပ်တို့သည် ဂျပန်တို့၏အကူအညီများရယူ၍ ဟိုင်နန်ကျွန်းနှင့် ဖော်မိုဆာကျွန်းတို့တွင် စစ်ပညာရပ်ကို ပင်ပန်းဆင်းရဲခံ၍ ခက်ခဲကြမ်းတမ်းစွာ သင်ယူခဲ့ကြသည်။

ထို့နောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မျက်စိအထူးကုဆရာဝန်ကြီး ဦးလွန်းဖေအိမ်၌ လက်မောင်းသွေးဖောက်၊ သွေးသစ္စာသောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်သန္ဓေတည်ဖွဲ့စည်းထူထောင်နိုင်ခဲ့သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ်လည်းကောင်း၊ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ဗမာ့အမျိုးသားတပ်မတော်အဖြစ်လည်းကောင်း၊ ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် မျိုးချစ်ဗမာ့တပ်မတော်အဖြစ်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြည်သူ့ရှေ့မှာ မားမားမတ်မတ်ရပ်တည်ခဲ့သည်။ မျိုးချစ်စိတ်ကို သန္ဓေတည်ပြီး ရှင်သန်ပေါက်ဖွားခဲ့သော မြန်မာ့တပ်မတော်သည် မည်သို့သောအခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့ပါစေ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုသည့် တပ်တိုင်း၊ ရဲဘော်တိုင်းထားရှိကြသည့် အခြေခံအရည်အချင်းငါးပါးနှင့်အညီ ခံယူချက်ကောင်းကောင်း၊ ရည်မှန်းချက်ကောင်းကောင်းဖြင့် ပြည်သူ့ရှေ့မှာ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ ထို့နောက် မြန်မာ့မြေပေါ်မှ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ချေမှုန်းခဲ့သည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် အများပြည်သူ မျှော်လင့်တောင့်တခဲ့သော လွတ်လပ်ရေးအောင်ပန်းကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။ မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးမရခင်ကလည်းကောင်း၊ လွတ်လပ်ရေးရပြီးချိန်တို့တွင်လည်းကောင်း ပြည်တွင်းပြည်ပရန်သူဟူသမျှကို စစ်ဆင်ရေးကြီးပေါင်းများစွာ ဆင်နွှဲကာ အမိမြေအတွက် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ တိုင်းပြည်နှင့်လူမျိုးအတွက်၊ အမျိုးဘာသာသာသနာအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်တို့ဖြင့် ရဲရဲဝံ့ဝံ့ထမ်းဆောင်ခဲ့သော မြန်မာ့တပ်မတော်၏စွမ်းရည်သည် ကမ္ဘာကပင်အသိအမှတ်ပြု ချီးကျူးခြင်းခံခဲ့ရသည်။

မြန်မာ့တပ်မတော်သားတို့သည် ပြည်သူကိုချစ်သော၊ ကာကွယ်လိုသောစိတ်ဓာတ်တို့ကြောင့် အမိမြေအတွက် အသက်သွေးချွေးပေါင်းများစွာပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုတို့ကြောင့် လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်ခဲ့သော ပြည်တွင်းရောင်စုံသောင်းကျန်းမှုတွေကိုလည်း ရင်ဆိုင်တွန်းလှန်ခဲ့ပြန်သည်။

အလားတူ ပြည်တွင်းမငြိမ်သက်မှုကို အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသော တရုတ်ဖြူ(ကူမင်တန်)တပ်များနှင့် သောင်းကျန်းသူများကြီးစိုးသောဒေသများကို ကျိုင်းတုံစစ်ဆင်ရေး၊ ပင်လုံစစ်ဆင်ရေး၊ မိုးကြိုးစစ်ဆင်ရေး၊ နဂါးနိုင်စစ်ဆင်ရေး၊ ဗန္ဓုလစစ်ဆင်ရေး အစရှိသော စစ်ဆင်ရေးကြီးများဖြင့်အနိုင်ယူကာ အနက်ရောင်နယ်မြေများကို အဖြူရောင်နယ်မြေများဖြစ်အောင် ပြောင်းလဲပေးနိုင်ခဲ့သည်။

ပြည်သူ့အရေးအစဉ်တွေးပြီး ကာကွယ်စောင့်ရှောက်နေသော မြန်မာ့တပ်မတော်သည် ပြည်သူတို့၏လိုလားချက်နှင့်ဖြစ်ပေါ်လာသော သမိုင်း၏တောင်းဆိုချက်များအရ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလတွင် အိမ်စောင့်အစိုးရကိုဖွဲ့စည်းကာ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန်တာဝန်ယူခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်တွင် မြန်မာ-တရုတ် နယ်နိမိတ်သတ်မှတ်မှုသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ အိမ်စောင့်အစိုးရသည် ထောက်ပံ့ရေးဌာန၊ သမဝါယမနှင့်ဖက်စပ်ကော်ပိုရေးရှင်းများ၏ မူနှင့်လုပ်ငန်းစဉ်များကို ပြည်သူလူထုနှင့်ကိုက်ညီအောင် ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့သစ်ကိုဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့တော်ကြီးအား မြို့တော်အင်္ဂါရပ်နှင့်ညီအောင်ဆောင်ရွက်ခဲ့သည်။ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့်သာကေတမြို့သစ်တို့ကို တိုးချဲ့တည်ထောင်ပေးခဲ့ပြီး အခြေခံလူတန်းစားများ၏ဘဝများကို လူနေမှုဘဝမြင့်မားအောင် လုပ်ဆောင်ပေးခဲ့သည်။ အိမ်စောင့်အစိုးရအနေဖြင့် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်တွင် လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိခဲ့သောသန့်ရှင်းဖဆပလအဖွဲ့သို့ ၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်တွင် နိုင်ငံတော်အာဏာကို ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ တပ်မတော်သည် စနစ်ကျစွာ နိုင်ငံတော်အာဏာကို လွှဲပေးခဲ့သော်လည်း အာဏာရပါတီ၏ မညီညွတ်မှုကြောင့် ပြည်ထောင်စုပြိုကွဲမည့်အခြေအနေသို့ရောက်ရှိခဲ့ပြန်သည်။

ထို့ကြောင့် ၁၉၆၂ ခုနှစ် ပြည်ထောင်စုကြီးပြိုကွဲတော့မည့်အရေးတွင် မြန်မာ့တပ်မတော်သည် နိုင်ငံတော်အာဏာကို ပြန်လည်လွှဲပြောင်းရယူခဲ့ပြီး တစ်မျိုးသားလုံး၏စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ခဲ့သည်။ တောင်သူလယ်သမား၊ အလုပ်သမားများ၏ ဘဝအခက်အခဲများကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး နှီးနှောဖလှယ်ပွဲများကိုပါ ကျင်းပပြုလုပ်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုထူထောင်ပြီး ၁၉၇၂ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုစတင်ရေးဆွဲခဲ့ကာ လူထုထံသို့ မူကြမ်းသုံးကြိမ်ချပြခဲ့သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်မှ ၃၁ ရက်အထိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။ အတည်ပြုပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်တွင် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်အစစ်ဖြစ်သူ တိုင်းရင်းသားပြည်သူများအားကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော်သို့ ပြန်လည်အပ်နှင်းခဲ့သည်။

ထို့အတူ ၁၉၈၈ ခုနှစ် ပြည်တွင်းဆူပူမှုကာလတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာဆုံးရှုံးရမည့်အန္တရာယ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် မြန်မာ့တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်း၍ နိုင်ငံတော်အာဏာအရပ်ရပ်ကို ရယူထိန်းသိမ်းခဲ့ရပြန်သည်။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ကာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းရေး၊ အများပြည်သူလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေးနှင့် ပြည်သူတို့၏စားဝတ်နေရေးချောင်လည်စေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအချိန်နှင့်တစ်ပြေးညီ အဆင်ပြေစွာသွားလာနိုင်စေရန် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်းနှင့် မြို့သစ်များကိုပါ တိုးချဲ့တည်ဆောက်ပေးခဲ့သည်။ မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စိုက်ပျိုးရေဖူလုံစေရန် ဆည်မြောင်းတာတမံများကိုလည်း အဆင့်မြင့်မားစွာ တည်ဆောက်ပေးခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော **စာမျက်နှာ ၁၄ သို့**

⏭ စာမျက်နှာ ၁၃ မှအဆက်

နိုင်ငံတော်ကြီးအဖြစ်ကြိုးပမ်းရင်း ဈေးကွက်စီးပွားရေးစနစ်ကိုပါ အကောင်အထည်ဖော်ဆောင်ပေးခဲ့သည်။ ထို့ပြင် ၁၉၉၇ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့အား တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက်မှာတော့ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟု ပြောင်းလဲပြင်ဆင်ပြီး အမျိုးသားစွမ်းအားကိုထူထောင်ပေးခဲ့သည့်အပြင် အချုပ်အခြာအာဏာနှင့် ပြည်ထောင်စုအကျိုးစီးပွားကိုပါ ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်တာဝန်ယူနေစဉ်အတွင်း အဘက်ဘက်က ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ပါတီစုံဒီမိုကရေစီစနစ်အရ ပေါ်ပေါက်လာသောအစိုးရထံ နိုင်ငံတော်အာဏာကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်သူ့အရေးဆို ခေတ်အဆက်ဆက်တာဝန်ကျေပွန်ခဲ့သော မြန်မာ့တပ်မတော်သည် မည်သို့သောအကြောင်းတရားများနှင့် ရင်ဆိုင်ကြုံတွေ့ပါစေ စနစ်မှန်၊ နည်းလမ်းမှန်ဖြင့် ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ပေးလျက်ရှိသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများရှိခဲ့သည့်အတွက် တပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)တွင်ပါရှိသော "ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာများကိုလွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့်ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာလွှတ်တော်များသည် အလိုအလျောက်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်"ဟုပါရှိသည်နှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကိုလက်ခံရယူပြီး ဖေဖော်ဝါရီလ ၁ ရက်မှစ၍ အမျိုးသားနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ရပြန်သည်။

မြန်မာ့တပ်မတော်သည် နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို သယ်ပိုးနိုင်ရန် အမျိုးသားနိုင်ငံရေးကို ထမ်းဆောင်လျက်ရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ(၂၀)၊ ပုဒ်မခွဲ( င)တွင်ပါရှိသော "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်"ဟု ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ပုဒ်မ(၂၀)၊ ပုဒ်မခွဲ(စ)တွင်ပါရှိသော "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"ဟု ပြဋ္ဌာန်းချက်အရလည်းကောင်း၊ နိုင်ငံတော်၏ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းသောတာဝန်များကိုပါ ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ ယင်းမှာ နိုင်ငံတော်၏အခြေခံမူများတွင်ပါဝင်သော "နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"ဟူသော ပြဋ္ဌာန်းချက်အရ ပါဝင်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။


ကျွန်ုပ်တို့ မြန်မာ့တပ်မတော်သည် စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများကို တစိုက်မတ်မတ် အားသွန်ကြိုးပမ်းဆောင်ရွက်ရင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိသည်။ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်း၊ မဟာစင်မုန်တိုင်း၊ တာလေငလျင်၊ စစ်ကိုင်းငလျင်၊ ပုဂံငလျင်၊ ရော့ဝတီရေဘေး၊ ကလေးရေဘေး အစရှိသော မြန်မာနိုင်ငံအနှံ့အပြားတို့တွင် ဖြစ်ပေါ်ခဲ့သောပြည်သူလူထုအပေါ်ကျရောက်လာသည့် သဘာဝဘေးအန္တရာယ်များကိုလည်း လူသားချင်းစာနာစိတ်အပြည့်အဝထားပြီး အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်ကူညီဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ရေလှောင်တမံစီမံကိန်းနှင့် မြစ်ရေတင်စီမံကိန်းကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လေကြောင်း/ရေကြောင်း ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့်လူမှုရေး၊ စီးပွားရေး အစရှိသောတိုင်းပြည်၏ကဏ္ဍအသီးသီးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ပြည်သူနှင့်လက်တွဲပြီး ကာကွယ်စောင့်ရှောက်လျက်ရှိသလို ပြည်သူတို့၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာကိုလည်း အသက်သွေးချွေးပေါင်းများစွာတို့ဖြင့် ပေးဆပ်စောင့်ရှောက်ခဲ့သည်မှာ ခေတ်အဆက်ဆက်ပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာ့တပ်မတော်သည် စတင်သန္ဓေတည်ပေါ်ပေါက်လာစဉ်ကတည်းက ပြည်သူနှင့်အတူလက်တွဲ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းမှု၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှု၊ ပြည်ပကျူးကျော်မှုကိုနှိမ်နင်းခြင်းနှင့် တိုင်းရင်းသားရင်ကြားစေ့ရေးလုပ်ငန်းကို ဖော်ဆောင်ခဲ့သည်။

ထို့ပြင် ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ခြင်းနှင့်အတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ သို့ဖြစ်ပါသောကြောင့် တိုင်းပြည်အရေးကိစ္စကြုံလာတိုင်း အသက်သွေးချွေး စဉ်မနေး၊ ပေးဆပ်သည်မှာ တပ်မတော်ပါဆိုသည့်အတိုင်း အစဉ်အလာကောင်းများဖြင့် ပြည်သူ့အရှေ့မှာအမြဲအသင့်ရှိနေသည့် တပ်မတော်ပင်ဖြစ်ပါကြောင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့အား ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# တောင်တွင်းကြီးမြို့ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ (၁၁၉၅) နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ



တောင်တွင်းကြီး မတ် ၂၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့ဂုဏ်ဆောင်ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၁၉၅)နှစ်ပြည့် ဗုဒ္ဓပူဇနီယ (တပေါင်း) ပွဲတော်ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရွှေအင်းတောင်စေတီမြတ်ကြီး၏ ရင်ပြင်တော်၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တမာနိတ၊ တောင်တွင်းကြီးမြို့နယ်နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်သန်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊အဖွဲ့ဝင်(၁)ဗိုလ်မှူးကျော်ဇင်ညွန့်၊ ရွှေအင်းတောင်စေတီမြတ်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်းနှင့် တာဝန်ရှိသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဇယန္တောဗောဓိယာမူလေအစရှိသည့် အောင်ဂါထာကိုသုံးကြိမ်ရွတ်ဆိုကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆွမ်းသပိတ်လောင်းလှူပွဲကိုကျင်းပရာ မကွေးတိုင်းဒေသကြီး သံဃနာယကအကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တမာနိတအမှူးပြုသောမြို့ပေါ်ကျောင်းတိုက်ပေါင်း ၅၇ တိုက်မှ ဝါဆိုသံဃာတော်အပါး ၃၀၀ ကျော်တို့အား ဌာနဆိုင်ရာများ၊ မြို့ပေါ် ၁၀ ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှစေတနာရှင်ပြည်သူများက ဆွမ်းသပိတ်၊ ဆွမ်းဟင်းချိုင့် စသည့် လှူဖွယ်ပစ္စည်းများဆက်ကပ်လောင်းလှူခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြကြောင်းသိရသည်။

နောင်နောင် (ဗိသနိုးမြေ)

## ၂၀၂၇ ခုနှစ် အာရှဖလားဘောလုံးပွဲ မြန်မာနှင့်အာဖဂန်နစ္စတန်အမျိုးသားလက်ရွေးစင်အသင်းတို့ ခြေစစ်ပွဲစဉ်တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၃

၂၀၂၇ ခုနှစ် အာရှဖလားခြေစစ်ပွဲစဉ်အဖြစ် အုပ်စု E မှ မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့်အာဖဂန်နစ္စတန်လက်ရွေးစင်ဘောလုံးအသင်းတို့သည် မတ်လ ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

## ထူးခြားသည့်နေ့အပူချိန်များ

၂၃-၃-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများ သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

❒ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြ စစ်ကြောင်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြကြောင်း သတင်းရရှိသည်။







နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ လေ) အရာရှိ စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

"မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာဆိုရင် ဂန္ဓကုဋိတိုက်၊ ကျောက်စာရုံ၊ နောက်ပြီး ရေပန်းကိုသွားရောက်လေ့လာမိပါတယ်၊ အခုလို ပင်ပန်းနွမ်းနယ်နေတဲ့ကြားကနေပြီးတော့ ကျွန်တော်တို့ ဗဟုသုတတိုးပွားအောင်လို့ သွားရောက်လည်ပတ်ဖြစ်အောင် လိုက်လံပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်းအထူးကျေးဇူးတင်ပါတယ်၊ ယခု နှစ်(၈၀)ပြည့် တပ်မတော်နေ့မှတိုင်နောင် နှစ်ပေါင်းများစွာတိုင် အောင် တပ်မတော်ကြီး အစွန့်ရှည်တည်တံ့ပါစေလို့ပြောချင်ပါတယ်" ဟုပြောသည်။

"အခုလိုမျိုး ဒီကမ္ဘာပေါ်မှာအကြီးမားဆုံးကျောက်ဆစ်ဘုရားကို လာဖူးရတဲ့အတွက် ကြောင့်မို့လို့ အရင်တုန်းကလည်း မဖူးဘူးဖူး ဆိုတော့ အခု ပထမဦးဆုံးအနေနဲ့ ဖူးရတာဆိုတော့ မြန်မာနိုင်ငံအတွက်လည်း အရမ်းဂုဏ်ယူမိတယ်။ ဗဟုသုတတွေလည်း အများကြီးရတယ်၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့မှာပါဝင်ခွင့်ရတဲ့အတွက်ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုမျိုး လေ့လာရေးခရီးတွေပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ အောင်ဆန်းစစ်ကြောင်းအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ ဒီမှာ ဘုရားကိုလာပြီး ဝင်ဖူးတာပါ။ ဘုရားကလည်း အရမ်းသပ္ပာယ်ပြီးတော့ ကြည်ညိုဖို့လည်းကောင်းပါတယ်။ ကျွန်တော်တို့အားလုံး ပီတိလည်းဖြစ်ပါတယ်၊ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကို တကူးတက အခုလိုမျိုး လေ့လာရေးခရီးအနေနဲ့ အမှတ်တရတွေ၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓနဲ့ဆိုင်တဲ့စာပေကျမ်းဂန်တွေကို လေ့လာခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပီတိဖြစ်မိပါတယ်။ နှစ် (၈၀)ပြည့် တပ်မတော်နေ့မှသည် နောက်လာမည့် နှစ်ဆက်တိုင်းဆက်တိုင်း တပ်မတော်နေ့ရက်တိုင်းမှာ တည်တံ့ခိုင်မာပြီးတော့ အင်အားတောင့်တင်းတဲ့ တပ်မတော်ကြီးဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

(၁၀၀)

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းကျင်းမှုအပိုင်း(၁)အောင်ပွဲ ရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၃

ဆင္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းကျင်းမှုအပိုင်း(၁)အောင်ပွဲ ရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော်၌ကျင်းပသည်။

ဦးစွာ စေတီတော်မုခ်ဦးရှေ့၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းကျင်းမှုအပိုင်း(၁) အောင်ပွဲကိုရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို စေတီတော် ပရိဝုဏ်အတွင်း၌ ဆက်လက်ကျင်းပရာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသထံမှညွှန်ပြသတ်များကပါ။ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များနာယူကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော်နေပူခံစကျင်ကျောက်ပြားခင်းကျင်းမှု အပိုင်း(၁) အောင်ပွဲကျင်းပရေး



ဦးစီးကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက အောင်ပွဲရေစက်သွန်းလောင်း အလှူမင်္ဂလာကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ဂီတစာဆို စန္ဒရားဦးသက်ဆွေ ရေးစပ်သီကုံးသောရေစက်သွန်းလောင်းအလှူတော်အောင်ပွဲမင်္ဂလာပိုဒ်စုံရတုကို တေးသံရှင် မေသကြိန်လွမ်းနိုင်က ဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသရထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းလောင်းအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ရောက်ရှိစစ်ဆေးသည်။



ဦးစွာ လုံခြုံရေးအဆောက်အအုံ၊ မီးစက်ရုံ တည်ဆောက်ထားရှိမှုနှင့် မီးစက်တပ်ဆင်ထားရှိမှု၊ ရေလှောင်ကန် ရေယိုစိမ့်မှု ပြုပြင်ဆောင်ရွက်ပြီးစီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စင်တာရှိဝန်ထမ်းများအား တွေ့ဆုံပြီး သင်တန်းစင်တာသည် မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် တည်ဆောက်၍ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများအတွက်သက်မွေးပညာသင်တန်းများဖွင့်လှစ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်၍ ဝန်ထမ်းများက စံနမူနာပြဦးဆောင်ပြီး သင်တန်းသား၊သင်တန်းသူများ စည်းကမ်းတကျနေထိုင်ပြုမူတတ်ရေးကို သေချာလေ့ကျင့်သင်ကြားပေးရန်၊ နေ့စဉ်အသုံးစရိတ်ကို သေချာစိစစ်သုံးစွဲရန်၊ စင်တာရှိဌာနပိုင်ပစ္စည်းများ ပျောက်ဆုံးပျက်စီးမှု မရှိစေရေးအတွက် စာရင်း/ဇယားဖြင့် ပြုစုပြီး မှတ်တမ်းထားရှိရန် မှာကြား၍ ဝန်ထမ်းများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသည် သက်မွေးပညာသင်တန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ရှစ်ကြိမ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ၁၆ ကြိမ် စုစုပေါင်း သင်တန်း ၂၄ ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၄၄၀ ဦးကို သက်မွေးပညာသင်တန်းများသင်ကြားပေးနိုင်ခဲ့ကာ ၎င်းသင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိမိတို့ရပ်ရွာဒေသတွင် သက်မွေးပညာရပ်များ ပြန်လည်အသုံးချနိုင်ပြီဖြစ်ကြောင်းသိရသည်။ (၅၀၀)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်နှင့်ကြိမ်အချောထည်စက်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ချမ်းမြေ့သာသစ်အချောထည်စက်ရုံ၌ ကျွန်း၊ မန်ဂျန်ရှားနှင့် ရော်ဘာသစ်အချောထည် ပရိဘောဂများ ထုတ်လုပ်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် တာဝန်ရှိသူများက ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်မှု၊ ပြည်တွင်းဈေးကွက်ဝယ်လိုအားနှင့် ရောင်းချမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင်ပုဂ္ဂလိက အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် ကုန်ကြမ်းရရှိရေးနှင့် ထုတ်လုပ်ပြီးသော ကုန်ချောများတင်ပို့ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ဌာနနှင့်လုပ်ငန်းရှင်များ ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ အချောထည်ပရိဘောဂပြုလုပ်ရန် သင့်လျော်သည့် သစ်မျိုးများကို ဖော်ထုတ်ပြီး ဌာနနှင့် ပုဂ္ဂလိက ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် တောင်ဒဂုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် ၁၀ ပရိဘောဂစက်ရုံရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းအနေဖြင့်တန်ဖိုးမြှင့် သစ်အချောထည်များထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များရှာဖွေ၍ ရင်ငွေလျာထားချက် ပြည့်မီအောင်ကြိုးပမ်းဆောင်ရွက်ရေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးတို့ကို မှာကြားကာ ထုတ်လုပ်ထားသော သစ်အချောထည်ပရိဘောဂများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တောင်ဒဂုံမြို့နယ်ရှိ Great Myanmar ကြိမ်အချောထည်လုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်မှု၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စလူကြိုးဝိုင်းဝါးကတုတ်ပျိုးဥယျာဉ်ရှိ သီးနှံသစ်တောရောနှောစိုက်ခင်း သရုပ်ပြကွက်အတွင်း ပျဉ်းကတိုး၊ မန်ဂျန်ရှား၊ ယမနေ၊ ပိတောက်၊ မဟော်ဂနီသစ်မျိုးများနှင့် သရက်၊ ဒန့်သလွန်၊ ပိန္နဲ၊ ကော်ဖီသီးနှံများ ရောနှောစိုက်ပျိုးထားမှုနှင့် ပျားမွေးမြူခြင်း သရုပ်ပြဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၈)ကြိမ်၊ (၅၉)ကြိမ်နှင့် အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင် ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်

ရန်ကုန် မတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၈)ကြိမ်၊ (၅၉)ကြိမ်နှင့် အကြိမ် (၆၀)မြောက် ဘွဲ့နှင်းသဘင်ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ညနေပိုင်းက ဆေးတက္ကသိုလ်(၁) ရန်ကုန်၏မြက်ခင်းပြင်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။




ဦးစွာ ဆေးတက္ကသိုလ်ကျောင်းသူများက "မင်္ဂလာပါ"သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဘွဲ့ရမောင်မယ်တို့မှာ မှန်ကန်သည့်ရည်မှန်းချက်ပန်းတိုင်ထားပြီးကြိုးစားခဲ့ကြသည့်အတွက် ယခုကဲ့သို့အောင်မြင်စွာ သက်ဆိုင်ရာ ဘွဲ့အသီးသီးကို ထိုက်တန်စွာရရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကမ္ဘာ့ရောဂါကူးစက်ဖြစ်ပွားခဲ့ခြင်းနှင့် အခြေအနေအမျိုးမျိုးတို့ကြောင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍတွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုန်းတီးခဲ့ရကြောင်း၊ သို့သော် အခက်အခဲများကြားက မောင်တို့မယ်တို့ကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာရှိသေစောင့်သိကြသည့် ကျန်းမာရေးဝန်ထမ်းကောင်းများ၏ ကြံ့ကြံ့ခံကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေက ဂုဏ်ပြုညစာစားပွဲအထိမ်းအမှတ်လက်ဆောင်များကိုပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆေးပညာနောက်ဆုံးနှစ်အပိုင်း(ခ)တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ငါးဦးကို သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ကာ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများက အကအလှများဖြင့် သီဆိုဖျော်ဖြေကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆေးတက္ကသိုလ်(၁) ဘွဲ့နှင်းသဘင်အခမ်းအနားများ၌ (၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ၇၅ ဦး၊ ပါရဂူဘွဲ့ကိုးဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၁၅၃ ဦး၊ ဒီပလိုမာ ၂၀ ဦးနှင့် ဆေးပညာဘွဲ့ ၆၀ ဦးတို့ကိုလည်းကောင်း၊ (၅၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ၂၅ ဦး၊ ပါရဂူဘွဲ့နှစ်ဦး၊ ဆေးပညာ မဟာသိပ္ပံဘွဲ့ ၂၀ ဦး၊ ဒီပလိုမာ ကိုးဦးနှင့် ဆေးပညာဘွဲ့ ၁၁၅ ဦးတို့ကိုလည်းကောင်း၊ အကြိမ် (၆၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ၁၈ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၆၁ ဦး၊ ဒီပလိုမာ ၁၁ ဦးနှင့် ဆေးပညာဘွဲ့ ၁၇၈ ဦးတို့ကိုလည်းကောင်း ဘွဲ့များအပ်နှင်း ချီးမြှင့်ခဲ့သည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်ကို ၁၉၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုဘွဲ့နှင်းသဘင်အပါအဝင်ဆေးတက္ကသိုလ်(၁) ရန်ကုန်မှမွေးထုတ်ပေးခဲ့သည့်ဆရာဝန်ပေါင်း ၁၈၁၄၄ ဦးရှိခဲ့ပြီး ဆေးလက်တွေ့ပါရဂူဘွဲ့ ၆၆၄ ဦး၊ ပါရဂူဘွဲ့ ၁၃၀ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၄၂၇၅ ဦးနှင့် ဒီပလိုမာဘွဲ့ ၁၈၂၄ ဦးတို့ အောင်မြင်စွာ လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၅၀၀)

# "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



ရန်ကုန် မတ် ၂၃

"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အီတလီနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများသည် ယနေ့တွင် ရန်ကုန်မြို့မှ သက်ဆိုင်ရာနိုင်ငံများသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

အဆိုပါအဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့မှ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် ယနေ့ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြပြီး မတ်လ ၂၄ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်  မတ် ၂၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ ပျဉ်းမနား-နေပြည်တော်(၁) မဟာဓာတ်အားလိုင်း လိုင်းအူကြောင်း ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းအူကြောင်း ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တာဝါတိုင်များစိုက်ထူပြီးစီးမှု၊ တိုင်ဆင်ခြင်းနှင့် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားလိုင်းအဟောင်း ပြောင်းရွှေ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ၃၃ ကေဗွီ ဖွံ့ဖြိုးရေး(၁) ဓာတ်အားလိုင်း ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီစေရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေးအလေးထား ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေးနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာနေထိုင်သွားရန် မှာကြားသည်။





ထို့နောက် ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မီတာစမ်းသပ်စစ်ဆေးရေးဌာနသို့ရောက်ရှိပြီး မီတာများ စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် ပစ္စည်းသိုလှောင်ရေးစတိုအတွင်း ထိန်းသိမ်းထားရှိသည့် ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်းများ၊ ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ဗဟို)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော်  မတ် ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရှိ အမှတ် (၂၄) အကြီးစားစက်ရုံ (ဒဂုံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်၍ ဆိုလာများဆက်လက်ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနပိုင် ပုံသေပိုင်ပစ္စည်းများကို အကျိုးရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး ဆိုလာများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ်ရှိ ရွှေကသာကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အီလက်ထရွန်နစ်ပစ္စည်းနှင့်လျှပ်စစ်မော်တာစက်ရုံသို့ရောက်ရှိပြီး ဆိုလာပြားများ တပ်ဆင်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဆိုလာများအား နေအိမ်သုံးအပြင်စက်မှုလုပ်ငန်းများပါ တပ်ဆင်အသုံးပြုလျက်ရှိသည့်အတွက် ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်ရည်ပြည့် အသုံးပြုနိုင်ရန် စက်ရုံ၌ အရည်အသွေးအာမခံသည့် စနစ်များထူထောင်ထားရှိရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်လုပ်ငန်းစဉ် အဆင့်ဆင့်တွင်လည်း အရည်အသွေးကို စနစ်တကျစစ်ဆေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဝယ်လိုအားများပြားနေသည့် ဆိုလာများအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်သည့်အတွက် ဈေးကွက်ကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ပြီး ဈေးကွက်သုတေသနလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဗဟို)

# ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးတို့၌ လုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော်  မတ် ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်စစ်ဆေးသည်။

ဦးစွာ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ ရာဂိမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် ရုံးအဆောက်အအုံများ၊ ရုံးခြံစည်းရိုးများ ပြန်လည်ပြင်ဆင်ထားရှိမှု၊ ပျက်စီးသွားသည့် ရုံးစာရွက်စာတမ်း၊ ပရိဘောဂပစ္စည်းများ ပြန်လည်ပြုပြင်ထားရှိမှု၊ မှတ်တမ်းခန်းအတွင်း



ရေစိုပျက်စီးသွားသည့် မှတ်တမ်းများ ပြန်လည်ဆယ်တင် ဆောင်ရွက်ထားမှု၊ နေပြည်တော်ရုံးချုပ်ရှိ e-ID Server အတွင်းရှိ နိုင်-၄ နှင့် အိမ်ထောင်စုလူဦးရေစာရင်း အချက်အလက်များ ပြန်လည်စိစစ်အတည်ပြုဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးနှင့် မီးဘေးအန္တရာယ်တို့သည် မျှော်မှန်း၍မရသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ ဓာတ်တိုက်လေ့ကျင့်မှုများ စနစ်တကျဆောင်ရွက်ထားရှိရန်နှင့် မှတ်တမ်းမှတ်ရာများကို နည်းပညာအသုံးပြုထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော်  မတ် ၂၃

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ (မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 15,000 acres of sunflower cultivated in Htigyaing Townhsip

HTIGYAING March 23

According to records from the Htigyaing Township Agriculture Department, a total of 15,340 acres of sunflower crops have been cultivated in Htigyaing Township, Katha District, Sagaing Region, during the 2024-2025 winter growing season.

The township initially planned to cultivate 15,360 acres of sunflower for this season, starting from October 2024. As of today, 15,340 acres have been successfully planted.

"We have planned to cultivate 15,360 acres of sunflower in Htigyaing Township during this winter growing season. So far, 15,340 acres have been planted. Efforts are being made to meet the targeted cultivation area. To reduce the need for imported palm oil, we are expanding the cultivation of oil-producing crops like sunflower. Compared to other oil crops like groundnut and sesame, sunflower yields more oil per acre. Sunflower is primarily grown during the winter season," said U Ko Ko Aung, the head of the Htigyaing Township Agriculture Department.

To further expand sunflower cultivation in the township, the Agriculture Department is intensifying training programmes to educate farmers and improve their productivity.

Additionally, the department has been working to support farmers by providing quality sunflower seeds, ensuring the availability of affordable urea fertilizer and facilitating seed exchange programs among farmers to distribute high-yield varieties.

These initiatives aim to boost local sunflower production and contribute to reducing reliance on imported edible oils.

**SMK**

# Labutta Township ships over 70,000 visses of sun-dried salt to Yangon

LABUTTA March 23

"Up to 72,000 visses of locally-produced sun-dried salt from Labutta Township, Ayeyawady Region, were shipped to the Yangon market in December," said Daw Mar Mar Yee, a salt producer and trader from Labutta Township.

Labutta Township sent 55,000 visses of locally-produced sun-dried salt to the Yangon market in November, and it transported 72,000 visses of sun-dried salt to the Yangon market in December.

"Local sun-dried salt from Labutta Township is sent to the Yangon market. Last month, 72,000 visses of salt were sold. With the good salt trade, people related to the salt production industry have found employment opportunities and are comfortable. The quality of the sun-dried salt from this side is also good," she said.

Local sun-dried salt is systematically produced by salt entrepreneurs in Labutta Township and mainly sold in the Yangon market. The price of 10 visses of this sun-dried salt is up to Ks-60,000. The sun-dried salt from this area is mainly used in fish paste, dried fish, and fish sauces.

**SK**



# Merchants from Kyaiklat Township dispatch 58,000 viss of freshwater crabs Yangon market



KYAIKLAT March 23

Daw Win Win Thu, a fishery product trader from Kyaiklat Township of Ayeyawady Region, stated that in January 2024, only 45,000 viss of freshwater crabs were shipped to the Yangon market. However, from January 1 to 31, 2025, this figure increased to 58,000 viss. These crabs were purchased by buyers in the Yangon market.

"Kyaiklat Township sells fishery products, including crabs, to the Yangon market. Over the past month, we have been able to supply up to 58,000 viss of freshwater crabs to Yangon. These crabs are caught from freshwater fields before being sent to the market. Currently, Yangon buyers are actively purchasing the fishery products being shipped from here. The rising demand for crabs in both domestic and international markets has led to increased trade activity. With strong demand, fishery business owners have been able to expand their operations," said Daw Win Win Thu.

Additionally, it was reported that seafood, including crabs from Kyaiklat Township, continues to be sold in Yangon. The market price for 10 viss of freshwater crabs has reached up to Ks-105,000. Due to the strong demand, fishermen, traders, and freight transport operators have all benefited from incre-ased business opportunities. **SMK**

# Ayadaw Township cultivates over 9,000 acres of rain-fed pigeon peas

AYADAW March 23

A total of 9,540 acres of pigeon peas planted during the rainy season have been harvested in Ayadaw Township, Monywa District, Sagaing Region, according to the statistics of the Department of Agriculture for Monywa District.

In Ayadaw Township, 25,410 acres of pigeon peas were planted during the rainy season, and the pigeon peas were harvested since December 2024. So far, 9,540 acres have been harvested, yielding 14.23 baskets per acre.

"We also provide services for improving the yield of pigeon peas. We grow pigeon peas separately and also as an intercrop," said Daw San San Myint, head of the Department of Agriculture for Monywa District.

The Township Department of Agriculture has provided field education to farmers growing pigeon peas in Ayadaw Township on selecting good varieties, proper planting methods, pest control, and good yields.

**SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Myaungmya Township supplies 75,000 viss of blood clam to Yangon Market



MYAUNGMYA March 23

"Merchants from Myaungmya Township in Ayeyawady Region successfully sold 75,000 viss of seafood, specifically blood clams, to the Yangon market," said Daw Kyu Kyu, a fishery product trading business owner in Myaungmya Township.

Fishery products from Myaungmya Township are regularly transported and sold in the Yangon market. The selling price of blood clams reached up to Ks-14,500 per 10 viss.

"Demand of marine products, particularly blood clams, was strong in December. We mainly sold our seafood products to Yangon. Domestic demand for blood clams remains high. Last January, we supplied 55,000 viss of blood clams," said Daw Kyu Kyu.

She also noted that demand for local marine products, including blood clams, remains high in Yangon, and seafood traders are actively purchasing products from local fishermen in Myaungmya.

The continued export of seafood, including blood clam, from Myaungmya to the Yangon market benefits local fishermen, cargo workers, and traders. In addition to seafood, the township also exports agricultural products to Yangon.

**SMK**

# More than 1,000 acres of sweet corn planted in Kyunhla Township

KYUNHLA March 23

According to the statistics from the Kyunhla Township Agriculture Department, a total of 1,335 acres of sweet corn have been successfully cultivated in Kyunhla Township of Sagaing Region during the 2024-2025 winter crop season.

The plan for this season targeted 1,337 acres for sweet corn cultivation, with planting beginning in October 2024. As of today, 1,335 acres have been planted, and efforts are ongoing to ensure the completion of the planned acreage.

Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department, stated:

"We have set a target of cultivating 1,337 acres of sweet corn this season, and so far, 1,335 acres have been successfully planted. We are working to ensure the full target is met. Moreover, our department is providing guidance on pest control and disease prevention to ensure a successful harvest. Sweet corn cultivation has been increasing year by year."

The Kyunhla Township Agriculture Department is also supporting local farmers by providing training programmes, field demonstrations, and pest prevention measures. Farmers are educated on integrated pest management systems, including the use of neem-used insecticides, ginger-based natural pesticides, and chilli-based pest control solutions.

On average, each acre of sweet corn yields 15,000 cobs, and the estimated cultivation cost per acre is over Ks-500,000. **SMK**

# Farmers finish cultivation of more than 5,000 acres of peanuts in Kalewa Township

KALEWA March 23

In accord with the statisticss from the Kalewa Township Agriculture Department, a total of 5,380 acres of peanuts have been cultivated in Kalewa Township of Sagaing Region during the winter crop season.

For the 2024-2025 winter crop season, local authorities earmarked cultivation of 37,716 acres of peanuts in Kalewa Township. Planting began in October 2024, and as of today, 5,380 acres of peanut have been successfully cultivated.

U Myo Naing, the head of the Kalewa Township Agriculture Department, disclosed: "The target for peanut cultivation in Kalewa Township is 37,716 acres. So far, 5,380 acres have been cultivated, exceeding initial sown acreage. Peanut farming is thriving successfully. As an oil crop, peanut cultivation is on track for success, and we have seen year-on-year growth in its production."

In Kalewa Township, peanut cultivation requires approximately one and a half baskets of seeds per acre. The total cost, including seed expenses, labour charges, fertilizers, and pesticides, exceeds Ks-200,000 per acre. On average, each acre yields over 50 baskets of peanuts.

To ensure successful peanut cultivation, prevent pest infestations, and keep the fields weed-free, officials from the Township Agriculture Department conduct regular field inspections and maintain monitoring records.

**SK**

# Tesla attackers could face El Salvador mega jail –Trump



WASHINGTON March 23

US President Donald Trump has suggested that those convicted of the recent spate of attacks against Tesla facilities could be sent to El Salvador's notorious mega prison.

Tesla dealerships and vehicles in the US have been targeted by numerous attacks in what US Attorney General Pam Bondi has labeled "domestic terrorism."

In a message on his social media platform Truth Social on Friday, Trump suggested that people found guilty of the attacks could be sent to El Salvador's penal system.

"I look forward to watching the sick terrorist thugs get 20 year jail sentences for what they are doing to Elon Musk and Tesla," he wrote.

The backlash against Tesla is partly attributable to CEO Elon Musk's role as adviser to Trump. As government efficiency czar, Musk is overseeing significant budget cuts and reductions in the federal workforce.Since late January, dozens of attacks have targeted Tesla cars, dealerships and charging stations in the US and Canada, sometimes accompanied by anti-Musk graffiti. Multiple cars and charging stations have been set on fire with Molotov cocktails, and several incidents have included gunshots being fired at dealer-ships.

Three people have been charged for fire-bombing the EVs and charging stations so far, according to a press release on Thursday from the US Department of Justice. All three face a maximum penalty of 20 years in prison.

Last month, Salvadoran President Nayib Bukele suggested Washington could send its convicts, including US citizens, to serve time in El Salvador's notorious jail system. The comment came as Trump has embarked on a crackdown on illegal immigration and gang violence.

El Salvador's mega-prison, the Terrorism Confinement Center (CECOT), was built to incarcerate suspects detained under a 2022 national emergency measure taken to combat gang violence. The facility has since been criticized for its harsh conditions, including over crowding and limited access to basic amenities. Human rights organizations have raised concerns about allegedly inhumane treatment of inmates within the prison.

**RT**

# US pushes for ceasefire by April 20, with no decision on military aid

MOSCOW March 23

The White House has not yet agreed to limit military aid for Ukraine as part of the ceasefire agreement, Bloomberg reported on Sunday, citing people familiar with the planning.

The White House aims to reach a ceasefire agreement in the Ukrainian conflict by April 20, but admits that the deadline could slip, people familiar with the plans said.

"We are working for a ceasefire and a lasting peace. We won't have the terms of discussions or timing be played out in the media," White House spokesman Brian Hughes was quoted by Bloomberg as saying.

**Sputnik**

# Five killed in cargo plane crash in SW Somalia

MOGADISHU March 23

Somalia's aviation authority has confirmed that five people were killed when a cargo aircraft crashed on Saturday evening in the southwest of the country.

The Somali Civil Aviation Authority (SCAA) said the DHC-5D Buffalo, with registration number 5Y-RBA, went down at around 5:43 p.m. local time (1443 GMT), about 24 km southwest of Mogadishu, the capital of Somalia.

"There were five persons on board, all of whom have tragically lost their lives," the SCAA said in a statement issued in Mogadishu.

It said the aircraft, operated by Kenya-based Trident Aviation Ltd., had departed from Dhobley, a strategic border town in southwestern Somalia, en route to Aden Abdulle International Airport in Mogadishu.

The aviation authority did not provide details on the cause of the crash but said that the government agencies, along with partners, are on-site for search and rescue purposes.

"Our thoughts are with the families and loved ones of those affected. Further updates will be provided as more information becomes available," the SCAA said. **Xinhua**



# Yemen's Houthi say targeting Israel's main airport, U.S. naval vessels in Red Sea

ADEN March 23

Yemen's Houthi group announced Sunday it had conducted military operations against Ben Gurion Airport in Israel and several U.S. naval vessels including an aircraft carrier in the Red Sea.

In a televised statement broadcast on the group's Al-Masirah channel, Houthi military spokesman Yahya Sarea said the group's missile forces targeted Ben Gurion Airport near Tel Aviv with a "Palestine II" hypersonic ballistic missile.

"The operation successfully achieved its goal, leading to the suspension of air traffic at the airport for more than half an hour," Sarea claimed.

Meanwhile, the Israel Defence Forces (IDF) said a ballistic missile fired at Israel by the Houthis in Yemen on Sunday morning was successfully intercepted by air defences.

There were no reports of injuries or damage from the attack, which triggered sirens across central Israel, said the IDF, confirming the missile was shot down before it crossed the country's borders.

The Houthi spokesman also claimed that militant forces engaged the U.S. aircraft carrier USS Harry Truman and other American warships in the Red Sea with "a number of missiles and drones," with clashes reportedly lasting several hours.

According to Sarea, the military actions were taken "in response to the American aggression, which has launched dozens of raids on Yemen in the past hours."

The announcement follows intensified U.S. military operations against Houthi-controlled areas in Yemen. American fighter jets conducted multiple strikes targeting Hodeidah Airport with at least six raids, as well as the port of Salif in Hodeidah during the past hours.

Additional U.S. strikes reportedly hit sites in Saada Province, the group's northern main stronghold, and the Majzar District in oil-rich Marib Province, east of the country's capital Sanaa.

These military exchanges are part of an ongoing air campaign launched by U.S. forces in mid-March against Houthi-controlled territories in Yemen. The Houthi group has vowed to continue targeting Israeli sites in solidarity with Palestinians in Gaza and to respond to what they describe as "American aggression."

"Our forces continue to confront this criminal aggression and bravely meet escalation with escalation," Sarea stated.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Nutritionists share five easy foods to add to your everyday diet that will make you healthier

- **Some foods can be incorporated into your diet every day to help you stay healthy**
- **Registered dietician Reda Elmardi recommended adding berries to your diet**
- **He also suggested adding yogurt for the sake of your gut health**

One of the most frustrating parts of being an adult is figuring out what to feed yourself everyday.

And while you may be tempted to opt for a microwavable pizza every night, health experts want to make sure that you're incorporating nutritional foods into your diet.

One way to do this is to try and put some key, healthy foods into your everyday diet.

Luckily, most of the foods that nutritionists recommend eating on a daily basis are super common, and most likely already on your grocery list.

Now, some dieticians and health experts warn against eating the same foods every day, but this typically applies to full meals.

Registered dietician and nutritionist Shelley Balls told DailyMail.com, 'It limits variety which is crucial for overall health, especially gut health.'

But that doesn't mean you can't take some really important foods and find ways to include them in your daily meals.

In fact, there are a few foods that nutritionists themselves recommend eating everyday.

**Oats**

'Oats are an excellent source of whole grains and contain plenty of fiber and nutrients that make them a healthy meal or snack, registered dietician Trisha Best told DailyMail.com

She said that these benefits can sometimes be overshadowed when people decide to add excessive sugar or calorie-dense toppings.

But, when made with mix-ins like nuts, cinnamon, blueberries, strawberries, and bananas, they can be great options.



'The fiber in oatmeal keeps you feeling full for longer, which can prevent overeating throughout the morning. The whole grains keep your blood sugar stabilized, preventing spikes and dips that are associated with increased weight gain,' Best said.

**Basil Seeds**

You might assume 'chia seeds' if any seeds would be included in this list, but registered dietician Stacy-Roberts Davis said basil seeds are the way to go.

'It's high in fiber, protein, iron and potassium. It's a better choice than chia seeds,' she said.

She also explained that just two tablespoons of basil seeds has 15 grams of fiber in it - more than half of what your daily intake should be!

**Spinach**

You probably already know that you want to incorporate leafy greens into your diet, but did you know that spinach in specific is a great choice to eat every day?



'Spinach is packed with magnesium, iron and antioxidants, helping reduce inflammation, supporting muscle recovery and promoting relaxation - all of which aid in better sleep,' nutritionist and registered dietician Amy Shapiro said.

Plus, spinach is a non-greasy vegetable - meaning that it won't cause you any stomach issues.

**Yogurt**

Registered dietician Reda Elmardi emphasized the importance of gut-healthy foods.

'Most people don't realize that digestion impacts everything - mood, immunity, weight,' he said.

That's why yogurt is on Elmardi's list of foods to eat every day.

Yogurt is rich in probiotics, calcium, and protein.

'Trust me, your gut will thank you,' Elmardi said.

**Berries**

Whether you're more of a strawberry person or have an inclination toward blueberries, it doesn't matter.

'Blueberries, raspberries, strawberries - they fight inflammation, boost brain function, and keep blood sugar in check. Bonus: they taste amazing,' Elmardi said.

He explained that adding berries to your everyday diet will help you age better and keep your heart healthy.

**Mail Online**

# Russian scientists find a way to predict bulimia and anorexia

MOSCOW March 23

Scientists from Saratov State Medical University (SSMU) have identified a connection between eating disorders (anorexia and bulimia) and the fat tissue hormone adiponectin.

According to them, this is of great importance for developing new methods of early diagnosis and treatment. The research results were presented in Saratov during the All-Russian Science Week, dedicated to Donor Day.

Eating disorders (EDs) are a group of conditions associated with an unhealthy relationship with food, which can manifest as food refusal, overeating, or excessive dietary control. Today, they represent a serious problem, leading to severe consequences for both physical and psychological health.

For timely treatment and prevention of dangerous complications, it is critically important to diagnose EDs at an early stage, said scientists from SSMU. To do this, it is necessary to identify biological markers in the human body associated with these disorders. **Sputnik**

# Business and Economy

## ရုရှားနိုင်ငံအပေါ် အီးယူကချမှတ်သည့် ကန့်သတ်ပိတ်ဆို့မှုများက အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကိုထိခိုက်စေလျက်ရှိဟုဆို



ရုရှားနိုင်ငံအပေါ် အီးယူအဖွဲ့ကချမှတ်သည့် ကန့်သတ်ပိတ်ဆို့မှုများသည် တဖြည်းဖြည်းအဓိပ္ပာယ်မဲ့လာပြီး ယင်းလုပ်ဆောင်ချက်များသည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကို ခါးဖြင့်ထိုးသကဲ့သို့ ထိခိုက်စေလျက်ရှိသည်ဟု ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ပီတာဆစ်ဂျာတိုက ပြောကြားလိုက်သည်။

ယူကရိန်းပဋိပက္ခအား အဆုံးသတ်စေရန်နှင့် ရုရှားစီးပွားရေးတည်ငြိမ်မှုပျက်ပြားစေရန် အဓိကပစ်မှတ်ထားလုပ်ဆောင်သည့် အီးယူအဖွဲ့၏ ကန့်သတ်မှုများသည် အောင်မြင်မှုမရှိကြောင်း ဆစ်ဂျာတိုက RT သတင်းဌာနနှင့် မတ်လ ၂၂ ရက်တွင် လုပ်ဆောင်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားခြင်းဖြစ်သည်။

အီးယူအဖွဲ့သည် ၂၀၂၂ ခုနှစ်တွင်ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ ရုရှားနိုင်ငံအပေါ် အဓိကပစ်မှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှု ၁၆ ခု ချမှတ်ထားခဲ့ပြီး ကနဦးတွင် အီးယူ၏ အဆိုပါလုပ်ဆောင်ချက်ကို ဟန်ဂေရီနိုင်ငံကထောက်ခံခဲ့သည်။ သို့သော် ရုရှားနိုင်ငံမှ ရေနံတင်သွင်းမှုပိတ်ပင်ခြင်းနှင့် နျူကလီးယားကဏ္ဍအပေါ် အီးယူက ကန့်သတ်မှုများ ဆက်လက်လုပ်ဆောင်ခဲ့ရာမှ ဟန်ဂေရီနိုင်ငံအပေါ် စီးပွားရေးအရ ထိခိုက်လာခြင်းကြောင့် ဟန်ဂေရီအစိုးရက အီးယူ၏ပိတ်ဆို့မှုများကို ကန့်ကွက်လာခြင်းဖြစ်သည်။

အီးယူ၏ ပိတ်ဆို့မှုများသည် ရုရှားနိုင်ငံ၏ စီးပွားရေးအားချည့်နဲ့စေခြင်းမရှိသည့်အပြင် ယခုအခါယူကရိန်းပဋိပက္ခကို အဆုံးသတ်စေရန်နီးစပ်လာပြီဖြစ်ကြောင်း၊ ထိုသို့ နီးစပ်လာခြင်းမှာလည်း အီးယူ၏ ကန့်သတ်ပိတ်ဆို့မှုများကြောင့် မဟုတ်ကြောင်း ဆစ်ဂျာတိုက ဆက်လက်ပြောကြားထားသည်။

Ref: RT

## ကမ္ဘာပေါ်ရှိ ဗဟိုဘဏ်များက ဒေါ်လာငွေကြေးအစား ရွှေချောင်း ၁၀၄၄ ဒသမ ၆ မက်ထရစ်တန်ချိန်ကို အရန်အဖြစ် သိုလှောင်ရန် ဝယ်ယူ

ကမ္ဘာပေါ်ရှိဗဟိုဘဏ်များသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း ရွှေချောင်း ၁၀၄၄ ဒသမ ၆ မက်ထရစ်တန်ချိန်ကို အရန်အဖြစ် သိုလှောင်ရန် ဝယ်ယူခဲ့ကြောင်း ကမ္ဘာ့ရွှေကောင်စီကထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံများရှိ ဗဟိုဘဏ်များသည် ဒေါ်လာငွေကြေးအစား ရွှေချောင်းများကို ပိုမိုဝယ်ယူ၍ အရန်အဖြစ်သိုလှောင်ခဲ့ခြင်းကြောင့် ၂၀၂၄ ခုနှစ်သည် ရွှေချောင်းများအား မက်ထရစ်တန်ချိန်ပေါင်း ၁၀၀၀ ကျော်ထက် ပိုမိုများပြားသည့် ပမာဏကိုဝယ်ယူသည့် တတိယမြောက်နှစ် ဖြစ်လာခဲ့သည်ဟု အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ထို့ပြင် ဗဟိုဘဏ်များ၏ ရွှေချောင်းဝယ်ယူမှုပမာဏသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်ဆမြင့်တက်လာပြီး လာမည့် ၁၂ လအတွင်း ကမ္ဘာပေါ်ရှိ ဗဟိုဘဏ်များ အနက် ၈၁ ရာခိုင်နှုန်းသည် ရွှေချောင်းကို အရန်အဖြစ် သိုလှောင်ရန်အတွက် ပိုမိုဝယ်ယူမည်ဟု မျှော်လင့်ထားသည်။

ရွှေချောင်းများကို အရန်အဖြစ်အများဆုံး သိုလှောင်ထားသည့် နိုင်ငံ ၁၀ နိုင်ငံတွင် အမေရိကန်ပြည်ထောင်စုက ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရုရှားနိုင်ငံက နံပါတ် ၅ နေရာနှင့် တရုတ်နိုင်ငံက နံပါတ် ၆ နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

ရုရှားဗဟိုဘဏ်က အရန်အဖြစ်သိုလှောင်ထားသည့် ရွှေချောင်းပမာဏမှာ ၂၃၃၂ ဒသမ ၇၄ မက်ထရစ်တန်ရှိပြီး တရုတ်နိုင်ငံကမူ ၂၂၇၉ ဒသမ ၅၆ မက်ထရစ်တန်ကိုသိုလှောင်ထားသည်ဟု အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ Ref: Sputnik



## ပိတ်ဆို့မှုချမှတ်ရေးမူဝါဒကြောင့် အမေရိကန်ဒေါ်လာ၏ လွှမ်းမိုးမှုအပေါ်ထိခိုက်စေနိုင်ဟု အမေရိကန်စီးပွားရေးပညာရှင်ပြော



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပိတ်ဆို့မှုချမှတ်ရေးမူဝါဒကြောင့် အမေရိကန်ဒေါ်လာငွေကြေး၏ လွှမ်းမိုးမှုအပေါ် ထိခိုက်စေနိုင်ကြောင်း အမေရိကန်စီးပွားရေးပညာရှင် ဘယ်ရီ အိုက်ချင် ဂရစ်က ပြောကြားလိုက်သည်။

အမေရိကန်ဒေါ်လာ၏လွှမ်းမိုးမှုသည် ကုန်သွယ်ရေး၊ မဟာမိတ်နိုင်ငံများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများအပေါ် အမှီသဟဲပြုနေခြင်းကြောင့် ပြီးခဲ့သည့်လများအတွင်း ထရမ့်၏ပိတ်ဆို့မှုချမှတ်ရေးမူဝါဒသည် မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံရေးကို လျှော့ပါးစေခဲ့ သို့မဟုတ် ပျက်စီးစေခဲ့ကြောင်း၊ ထို့ကြောင့် နောက်ဆုံးတွင် ဒေါ်လာငွေကြေးသည် ကမ္ဘာပေါ်တွင် ဦးဆောင်နေသည့် ငွေကြေးအဖြစ်မှ ကျဆင်းလာနိုင်ကြောင်း အိုက်ချင်ဂရစ်၏ ပြောကြားချက်ကို ကိုးကား၍ Financial Times သတင်းဌာနကဖော်ပြသည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံအများအပြားက ကုန်သွယ်မှုပြုလုပ်ရာတွင် ဒေါ်လာငွေကြေးကို အသုံးပြုရန်ငြင်းဆန်လျက်ရှိပြီး အခြားငွေကြေးများအား အသုံးပြုလျက်ရှိသောကြောင့် အမေရိကန်အစိုးရ၏ ပိတ်ဆို့မှုချမှတ်ရေးမူဝါဒအား ပြန်လည်ပြင်ဆင်ရန် သမ္မတထရမ့်က ညွှန်ကြားခဲ့ရကြောင်း ဘဏ္ဍာရေးဝန်ကြီး စကော့ ဘက်ဆန့်က အစောပိုင်းတွင် ထုတ်ပြန်ထားသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားက ကုန်သွယ်မှုလုပ်ဆောင်ရာတွင် ဒေါ်လာငွေကြေးအား အသုံးပြုရန် ငြင်းဆန်လာခြင်းကြောင့် အမေရိကန်အစိုးရအနေဖြင့် အများဆုံးဖိအားပေးပိတ်ဆို့သည့် နည်းလမ်းကိုအသုံးမပြုဘဲ ပယ်ဖျက်သွားမည်ဖြစ်သည်ဟု ဘက်ဆန့်က ဆက်လက်ပြောကြားသည်။ Ref: Ivt

## အစ္စတန်ဘူမြို့တော်ဝန် အက်ခရမ်အီမာမိုဂလူးအား ဖမ်းဆီးရန်နှင့် အကျင့်ပျက်ခြစားမှုများဖြင့်ထိန်းသိမ်းထားရန် တရားရုံးတစ်ခုက တရားဝင်အမိန့်ချမှတ်

အစ္စတန်ဘူ၊ နိုင်ငံရေး

တူရကီယဲနိုင်ငံတွင် အစ္စတန်ဘူမြို့တော်ဝန် အက်ခရမ်အီမာမိုဂလူးအား ဖမ်းဆီးရန်နှင့် အကျင့်ပျက်ခြစားမှုများဖြင့် စစ်ဆေးခြင်းမပြုမီ ထိန်းသိမ်းထားရန် တရားရုံးတစ်ခုက မတ်လ ၂၃ ရက်တွင် တရားဝင်အမိန့်ချလိုက်ကြောင်းသိရသည်။

အစိုးရက အီမာမိုဂလူးအား ဖမ်းဆီးပြီးနောက် နိုင်ငံတစ်ဝန်းလုံးတွင်ဆန္ဒပြမှုများထွက်ပေါ်လာစဉ် တရားရုံး၏အမိန့်ချမှတ်မှုထွက်ပေါ်လာခြင်းဖြစ်သည်။ ဖမ်းဆီးခံထားရသည့် အီမာမိုဂလူးသည် ပြည်သူ့သမ္မတနိုင်ငံပါတီမှ ထင်ရှားသည့်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လက်ရှိသမ္မတ ရီဆပ်တေယစ်အယ်ဒိုဂန်၏ အဓိကပြိုင်ဘက်တစ်ဦးလည်းဖြစ်သည်။

အစိုးရက ၎င်းအား ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက လာဘ်စားမှု၊ လိမ်လည်မှုနှင့် ငွေကြေးတောင်းခံမှုတို့ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အီမာမိုဂလူးအား တရားမဝင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကာ့ဒ်အလုပ်သမားပါတီနှင့် ဆက်နွှယ်မှုဖြင့်လည်း တရားရုံးကသီးခြားတရားစွဲဆိုထားကြောင်းသိရသည်။

အီမာမိုဂလူး ဖမ်းဆီးခံရပြီးနောက် ဆိုရှယ်မီဒီယာများပေါ်တွင် ရန်လိုသည့် အကြောင်းအရာများ ရေးသားဖော်ပြခဲ့သည့်လူ ၃၇ ဦးကို အစိုးရကဖမ်းဆီးခဲ့သည်။ ၎င်းအား အစိုးရက ဖမ်းဆီးခဲ့ပြီးနောက် တူရကီယဲနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုကျော်အတွင်း နိုင်ငံအတွင်း၌ အကြီးမားဆုံးသော ဆန္ဒပြမှုများထွက်ပေါ်လာခဲ့ကြောင်း သိရသည်။ Ref: RT, Xinhua

# Tesla ကုမ္ပဏီအပေါ် အကြမ်းဖက်တိုက်ခိုက်ခဲ့သူများ အယ်လ်ဆာဗေဒေါရှိ အကျဉ်းထောင်တွင် နှစ် ၂၀ အထိ ချမှတ်ရန်မျှော်လင့်ဟု ထရမ့်ပြော



ဝါရှင်တန်၊ ရာဇဝတ်မှု

အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ Tesla ကုမ္ပဏီပိုင် အဆောက်အအုံများစွာအပေါ် အဓိကပစ်မှတ်ထားလုပ်ဆောင်ခဲ့သူများအား အယ်လ်ဆာဗေဒေါရှိ နာမည်ဆိုးဖြင့်ကျော်ကြားသော အကျဉ်းထောင်သို့ ပို့ဆောင်၍ ထောင်ဒဏ်နှစ်ရှည်ချမှတ်ရန် မျှော်လင့်ဟု အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က ပြောကြားလိုက်ကြောင်းသိရသည်။

မကြာသေးမီက နိုင်ငံအတွင်းရှိ Tesla ကုမ္ပဏီပိုင်ကားအရောင်းပြခန်း၊ အားသွင်းရုံများအား မီးလောင်ဗုံးများကို အသုံးပြု၍ မီးရှို့ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့ပြီးနောက် ထရမ့်၏ ပြောဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်အာဏာပိုင်အဖွဲ့သည် Tesla ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအပေါ် တိုက်ခိုက်ခဲ့သူ ၃ ဦးအနက် ၂ ဦးအား အော်ရီဂွန်ပြည်နယ် ဆာလင်မြို့၊ ကော်လိုရာဒိုပြည်နယ် လက်ဗ်လန်းမြို့နှင့် ကျန်တစ်ဦးကို တောင်ကာရိုလိုင်းနားပြည်နယ် ချားလက်စတန်မြို့တို့တွင်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား အမေရိကန်ရှေ့နေချုပ် ပမ်းဘွန်ဒီက မီးရှို့ဖျက်ဆီးမှုနှင့် ပြည်တွင်းအကြမ်းဖက်မှုတို့ဖြင့် စွဲချက်တင်ထားကြောင်းသိရသည်။

ထို့ပြင် ဖမ်းဆီးခံရသူများအနက်တစ်ဦးမှာဖမ်းဆီးခံရချိန်တွင် AR– 15 အမျိုးအစားရိုင်ဖယ်တစ်လက်ကို လက်ဝယ်ပိုင်ဆိုင်ထားကြောင်းသိရသည်။

ထို့အတူ ဖမ်းဆီးခံရသူ အခြားတစ်ဦးသည် Tesla ကုမ္ပဏီပိုင် အားသွင်းရုံများအနီးတွင် သမ္မတထရမ့်အား ဆန့်ကျင်သည့်စာသားများကို ရေးသားခဲ့သည့်အပြင် ကုမ္ပဏီ၏ပိုင်ဆိုင်မှုများကိုလည်း အဓိကပစ်မှတ်ထား၍ တိုက်ခိုက်ဖျက်ဆီးခြင်းဖြစ်သောကြောင့်ထိုသို့သောလုပ်ဆောင်ချက်မျိုးသည် သည်းခံနိုင်ဖွယ်မရှိကြောင်း ရှေ့နေချုပ်ပမ်းဘွန်ဒီက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ဤသို့သော အကြမ်းဖက်မှုမျိုးကို ကျူးလွန်ခဲ့သူများအား အယ်လ်ဆာဗေဒေါရှိ အကျဉ်းထောင်တွင် ထောင်ဒဏ်နှစ် ၂၀ အထိချမှတ်ရန်မျှော်လင့်ထားသည်ဟု ထရမ့်က ဆက်လက်ပြောကြားခဲ့ကြောင်းသိရသည်။

Ref: RT, Nndesk

# ယူကရိန်းပဋိပက္ခအတွက် အပစ်အခတ်ရပ်စဲရေးကို ဧပြီလ ၂၀ ရက်ခန့်တွင် အပြီးသတ်ချမှတ်နိုင်ရန် အမေရိကန် မျှော်လင့်လျက်ရှိဟုဆို

ဝါရှင်တန်၊ ငြိမ်းချမ်းရေး

အမေရိကန်အစိုးရသည် ယူကရိန်းပဋိပက္ခအတွက် အပစ်အခတ်ရပ်စဲရေးကို ဧပြီလ ၂၀ ရက်ခန့်တွင် အပြီးသတ်ချမှတ်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း အတွင်းသိများ၏ပြောကြားချက်ကိုကိုးကား၍ Bloomberg သတင်းစာက မတ်လ ၂၃ ရက်တွင် ဖော်ပြသည်။



ဒေါ်နယ်ထရမ့်ဦးဆောင်သည့် အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံတွင် ကျယ်ပြန့်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရန်အတွက် ထရမ့်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ ကြိုးပမ်းလျက်ရှိပြီး လက်ရှိအချိန်တွင် တိုးတက်မှုအချို့ကို ရရှိထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ရက်ပေါင်း ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကိုအမေရိကန်သမ္မတနှင့်ရုရှားသမ္မတတို့ကြား သဘောတူညီခဲ့သော်လည်း ရုရှားနှင့်ယူကရိန်းတို့ကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

သို့သော် အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းတွင် အပြည့်အဝအပစ်အခတ်ရပ်စဲနိုင်ရေး သဘောတူညီချက်ကို မကြာမီ ချမှတ်နိုင်မည်ဖြစ်ကြောင်း ထရမ့်က မတ်လ ၂၁ ရက်တွင် ကျင်းပသည့်သတင်းစာရှင်းလင်းပွဲတစ်ခု၌ သတင်းထောက်များကို ပြောကြားသည်။

အမေရိကန်စေ့စပ်ဆွေးနွေးသူများသည် လက်ရှိတွင် အပစ်အခတ်ရပ်စဲရေးကို အပြီးသတ်ချမှတ်နိုင်ရေးအတွက် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် မတ်လ ၂၄ ရက်တွင် သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်းသိရသည်။

Ref: Tet, KI

# ဘင်ဂူးရီးယန်းလေဆိပ်နှင့် ပင်လယ်နီအတွင်းရှိ အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းအပါအဝင် ရေတပ်စစ်သင်္ဘောများအား ဟူသီတို့ကထပ်မံတိုက်ခိုက်

အေဒင်၊ စစ်ရေး

ယီမင်နိုင်ငံရှိ ဟူသီသူပုန်များသည် အစ္စရေးနိုင်ငံရှိဘင်ဂူးရီးယန်းလေဆိပ်နှင့် ပင်လယ်နီအတွင်းရှိအမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းအပါအဝင် ရေတပ်စစ်သင်္ဘောများအား ထပ်မံတိုက်ခိုက်ခဲ့ကြောင်း အဆိုပါသူပုန်အဖွဲ့က မတ်လ ၂၃ ရက်တွင် ထုတ်ပြန်သည်။

ဟူသီသူပုန်အဖွဲ့သည် တဲအဗစ်မြို့ရှိ ဘင်ဂူးရီးယန်းလေဆိပ်အား Palestine–2 အမျိုးအစား အသံထက်မြန်သည့် ဒုံးကျည်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တိုက်ခိုက်မှုကြောင့် လေဆိပ်အတွင်း၌ လေကြောင်းပျံသန်းမှုများ နာရီဝက်ခန့် ရပ်ဆိုင်းသွားခဲ့ရကြောင်း သူပုန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ယာယာဆာရီးယားက ပြောသည်။

ဟူသီသူပုန်အဖွဲ့သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း ဘင်ဂူးရီးယန်းလေဆိပ်အား ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းသိရသည်။

အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသအတွင်း စစ်ဆင်ရေးပြန်လည်စတင်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် ဟူသီသူပုန်အဖွဲ့က အစ္စရေးပိုင်နက်အတွင်းသို့ ပထမဆုံးအကြိမ်အဖြစ် မတ်လ ၁၈ ရက်တွင် အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့ပြင် အဆိုပါသူပုန်အဖွဲ့သည် အစ္စရေးနိုင်ငံတောင်ပိုင်းရှိ လေတပ်အခြေစိုက်စခန်းကိုလည်း တိုက်ခိုက်ခဲ့ပြီး ဂါဇာလက်နက်ကိုင်ပဋိပက္ခတွင် ပါလက်စတိုင်းမှ ဟားမက်အဖွဲ့အား ဆက်လက်ထောက်ခံမည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref: Xinhua, Ivt

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်း ဟားမက်အဖွဲ့မှ အဆင့်မြင့်ခေါင်းဆောင်တစ်ဦး သေဆုံး

ဂါဇာကမ်းမြောင်ဒေသအတွင်း လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း ဟားမက်အဖွဲ့မှ အဆင့်မြင့်ခေါင်းဆောင်တစ်ဦးသေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်နှင့် ရှင်းဘက်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့က မတ်လ ၂၃ ရက်တွင် ပူးတွဲထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

အစ္စရေးတပ်မတော်သည် ဂါဇာဒေသတောင်ပိုင်းသို့ မတ်လ ၂၂ ရက်ညပိုင်းက လေကြောင်းမှ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ ယင်းတိုက်ခိုက်မှုအတွင်း ဟားမက်အဖွဲ့မှ အဆင့်မြင့်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆာလာအယ်လ် ဘာဒါဝီသေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသေဆုံးမှုသည် ဟားမက်အဖွဲ့၏ စစ်ဆင်ရေးနှင့် အုပ်ချုပ်ရေးစွမ်းရည်ကိုလျော့ကျစေမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားကြောင်းသိရသည်။

အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ဒေသအတွင်း စစ်ဆင်ရေးများပြန်လည်စတင်ချိန်မှစ၍ ဟားမက်အဖွဲ့မှ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် အစိုးရအဖွဲ့မှခေါင်းဆောင်တစ်ဦးဖြစ်သူ အစ္စလာမ် အယ်လ် ဒါလစ်အပါအဝင် ခေါင်းဆောင်အများအပြားကို ချေမှုန်းနိုင်ခဲ့ကြောင်းသိရသည်။

Ref: Xinhua

### အီရန်နိုင်ငံ၌ ဓာတ်ငွေ့ယိုစိမ့်ရာမှဖြစ်ပွားသည့် ပေါက်ကွဲမှုကြောင့် သုံးထပ်အဆောက်အအုံ တစ်ခုပြိုကျ၊ အနည်းဆုံး လူ ၂၁ ဦးသေဆုံး

အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ ဓာတ်ငွေ့ယိုစိမ့်ရာမှဖြစ်ပွားသည့် ပေါက်ကွဲမှုကြောင့် သုံးထပ်အဆောက်အအုံတစ်ခုပြိုကျခဲ့ရာ အနည်းဆုံး လူ ၂၁ ဦးသေဆုံးသွားကြောင်းသိရသည်။

အဆိုပါပေါက်ကွဲမှုသည် တီဟီရန်မြို့တော် ကွက်ဇင်ရိပ်သာရှိ သက်တမ်းအိုမင်းနေသည့် လူနေအဆောက်အအုံတစ်ခုတွင် မတ်လ ၂၂ ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းအဆောက်အအုံရှိ လူများက ရေတွင်းတူးရာမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားပြီး ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျာလာ မာလီကီကပြောသည်။

ထို့ပြင် ပေါက်ကွဲမှုကြောင့် အနီးအနားရှိ အဆောက်အအုံ ၁၂ ခုမှ ပြတင်းပေါက်များနှင့် မော်တော်ယာဉ်များပျက်စီးသွားခဲ့ပြီး လူ ၁၀ ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

Ref: Mna

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၆၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြဝတီမြို့– မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်စဉ်။

နေပြည်တော် မတ် ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက်ပြတ်ပြတ်သားသားတိုက်ဖျက်နှိမ်နင်းဆောင်ရွက်လျက်ရှိရာ မြဝတီမြို့-မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၆၀ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက်တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်မှမတ်လ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၂၀၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၁၄၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၀၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အင်းလျားကန်သန့်ရှင်းသာယာရေးနှင့်ထိန်းသိမ်းရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အင်းလျားရိပ်သာလမ်းရှိ အင်းလျားကန်ရေပိုလွှဲသို့သွားရောက်၍ အင်းလျားကန်ရေမျက်နှာပြင် တိုင်းတာထားရှိမှုနှင့် ရေကျော်ပေါက်များအခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး ကန်ရေမျက်နှာပြင် အမှတ်အသားများ မြင်သာထင်ရှားစွာဆောင်ရွက်ထားရှိရန်၊ ကန်ရေပြင်အတွင်းရှိ နုန်းများဆယ်ယူရှင်းလင်းရန်၊ အင်းလျားကန်အတွင်း ရေများအား သုံးရေအဖြစ် ပေးဝေအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်တို့ကိုမှာကြားသည်။




အင်းလျားကန်သည်ကန်ရေပြင်အကျယ်အဝန်း ၉၆၀ ဧကရှိ၍ ကန်ရေပြည့်အမှတ်ပင်လယ်ရေမျက်နှာပြင်အထက် ၄၈ ပေရှိသဖြင့် ရေပြည့်အမှတ်မရောက်မီကန်တော်ကြီးသို့ ၃၀ လက်မပိုက်ဖြင့် ပေးပို့ခြင်း၊ ရေပိုလွှဲမှတစ်ဆင့် ရေပေါက်ကြည်ချောင်းသို့ ဖောက်ထုတ်ခြင်းတို့ဖြင့် ရေကြီးရေလျှံမှု မဖြစ်စေရန် ကန်ရေအား ထိန်းညှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝန်းရံခ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




# ဝမ်းတွင်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ကျာစောနှင့် ကျကျိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၂၃

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ဝမ်းတွင်းမြို့နယ် ခါးတက်ကုန်းကျေးရွာအုပ်စု ဒါးဟတ်ကျေးရွာအနီးတွင် ပြည့်ဖြိုးဝင်း(ခ)အာပူတူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၁၂၀ သိန်း) ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် မတ်လ ၂၂ ရက် ည ၈ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်ဟုန်းကျေးရွာအနီးတွင် ကျာစော မောင်းနှင်ပြီး ကျကျိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ၄၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၁၂၀ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|---|
| E-9 (Employment Permit System- EPS) စနစ်ဖြင့်စေလွှတ်သည့်အလုပ်သမားများအတွက် | | | |
| ၁ | ကိုရီးယားဘာသာစကားအရည်အချင်း စစ်စာမေးပွဲကျင်းပခြင်းနှင့်ဖြေဆိုခြင်း | - Public Overseas Employment Agency (POEA) အစီအစဉ်ဖြင့် စာမေးပွဲအသစ် ကျင်းပမည့်ရက်အား POEA-EPS Facebook Page နှင့် မြန်မာ့အလင်း/ကြေးမုံ သတင်းစာတို့၌ အသိပေးကြေညာခြင်း | POEA<br>မြန်မာလုပ်သား |
| ၂ | စာမေးပွဲအောင်မြင်သည့် စာရင်းကို HRD-Korea သို့ ပေးပို့ခြင်း၊ HRD-Korea မှ POEA သို့ မြန်မာအလုပ်သမားနှင့် စာချုပ်ချုပ်ဆိုနိုင်ရန် ပြန်လည်ပေးပို့ခြင်း | - ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခြင်း၊ ဖြေဆိုအောင်မြင်သူများ၏အမည်စာရင်းကို HRD-Korea သို့ ပေးပို့ခြင်းနှင့် ကိုရီးယားနိုင်ငံ အလုပ်ရှင်မှရွေးချယ်ထားသည့် အလုပ်ခေါ်စာရရှိထားသော အလုပ်သမားစာရင်းကို POEA ရုံး(ရန်ကုန်)သို့ ပြန်လည်ပေးပို့ခြင်း | POEA HRD Korea<br>ကိုရီးယားအလုပ်ရှင် |
| ၃ | POEA မှ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း | - POEA မှ စာချုပ်ချုပ်ဆိုခွင့်အား စာချုပ်ချုပ်လိုသည့်ရက်မတိုင်မီ(၇)ရက် ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) အလုပ်ရှင်မှ ရွေးချယ်ထားသည့် အလုပ်သမား စာရင်း၊ ကိုရီးယားအလုပ်ရှင်မှ လက်မှတ်ရေးထိုးထားသည့် စာချုပ်မိတ္တူ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ တင်ပြရန်၊ (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်း မပြုရန်)၊<br>(ခ) အလုပ်သမားဝန်ကြီးဌာနမှ ခွင့်ပြုထားသော အရေအတွက်အတွင်း တင်ပြရန်၊ | POEA<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - POEA မှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ စာချုပ်ချုပ်ဆိုခွင့်နှင့် ပြည်ဝင်ခွင့် ဗီဇာလျှောက်ထားနိုင်ရေးအကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက POEA ရုံး (ရန်ကုန်) ၌ စာချုပ်ချုပ်ဆိုခြင်းနှင့် စာချုပ်ချုပ်ဆိုပြီးသည့် အလုပ်သမားများအတွက် ပြည်ဝင်ခွင့်ဗီဇာရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန<br>POEA HRD Korea ကိုရီးယားအလုပ်ရှင် |
| ၆ | POEA မှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့် (၄၈ နာရီ)နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>(ခ) ဗီဇာမိတ္တူ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊<br>(ဂ) ကိုရီးယားအလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီမှုစာချုပ်၊ POEA နှင့် အလုပ်သမားအကြား ချုပ်ဆိုသည့်သဘောတူစာချုပ်၊ | POEA |
| ၇ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>POEA |
| ၈ | POEA မှ စေလွှတ်ခွင့်ပြုနိုင်ရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း | - OWIC ပြုလုပ်ပြီးပါက လေယာဉ်လက်မှတ်ဝယ်ယူခြင်းနှင့် စေလွှတ်ခွင့်ပြုရန် ထွက်ခွာမည့် နေ့ရက်မတိုင်မီ အနည်းဆုံး (၇) ရက်ကြိုတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း၊ | POEA<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၉ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှစိစစ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA နှင့် လေဆိပ် တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၁၀ | ပြည်ပသို့စေလွှတ်ပြီးစီးမှုသတင်းပို့ခြင်း | - POEA အနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်းစာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ | POEA |
| ၁၁ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့်အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာ မည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။ | POEA |
| E-7-3 (သင်္ဘောကျင်းလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သား) နှင့် E-10-2 (ရေလုပ်သား) အလုပ်သမားများအတွက် | | | |
| ၁ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ကိုရီးယားနိုင်ငံ၏ အလုပ်ရှင်၊ သို့မဟုတ် အလုပ်ရှင်၏ တရားဝင် ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက် ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့် အစုံ၊ ဖုန်းနံပါတ်) ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ပေးပို့ခြင်းနှင့်ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့လည်း သတ်မှတ်စာရွက်စာတမ်း အပြည့်အစုံမိတ္တူတစ်စုံပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီသည် Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း -<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၁၀ ဦး ထက်မပိုစေရန်၊<br>(ခ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊<br>(ဂ) Demand Letter တင်ပြရာတွင် dolmiagrationkorea @gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်းမပြုရန်)၊ | ကိုရီးယားနိုင်ငံအလုပ်ရှင်<br>မြန်မာအေဂျင်စီ |
| ၂ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှအလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ပေးနိုင်ရေး ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး (အလုပ်သမား သံအရာရှိ) သို့ အကြောင်းကြားခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန |
| ၃ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ စေလွှတ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှုရှိကြောင်းပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်းအကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမားစတင်စုဆောင်းခြင်းနှင့် ဗီဇာလျှောက်ထားခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီကိုရီးယားအလုပ်ရှင် |
| ၄ | မြန်မာအေဂျင်စီမှ စာချုပ်ချုပ်ဆိုခွင့်၊ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသို့ တင်ပြခြင်း | - ဗီဇာရရှိပါက မြန်မာအေဂျင်စီမှ စာချုပ်၊ သင်တန်း (၂ ရက်သာ) နှင့် OWIC ပြုလုပ်ခွင့်အား ရက်သတ္တတစ်ပတ်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ဗီဇာမိတ္တူ၊ ကိုရီးယား အလုပ်ရှင်-အလုပ်သမား စာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်။<br>(ခ) အလုပ်ခေါ်စာ တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက် မပိုစေရန်နှင့်တစ်လလျှင်တစ်ကြိမ်သာ တင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၅ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီး ဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန |
| ၆ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီအား အကြောင်းပြန်ကြားခြင်း၊ | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခြင်း၊ OWIC ပြုလုပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းတို့အတွက် POEA ရုံး(ရန်ကုန်)နှင့် မြန်မာအေဂျင်စီသို့ အကြောင်းကြားခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန<br>POEA မြန်မာအေဂျင်စီ |
| ၇ | မြန်မာအေဂျင်စီမှ အလုပ်သမား စေလွှတ်ခွင့်ရရှိရေး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် ( - -၂၀၂၅) မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း) ဖော်ပြ၍ စေလွှတ်မည့်အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ (Excel Soft copy) ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၈ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှစိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှထွက်ခွာမည့်ရက်ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် လေယာဉ်လက်မှတ်ဝယ်ယူခြင်းဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန မြန်မာအေဂျင်စီ |
| ၉ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှမြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံထံ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့်နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၀ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်းစာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၁ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - အေဂျင်စီမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။ | မြန်မာအေဂျင်စီ |

မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၁၀ ဦးထက်ပိုသော Demand Letter များကို ၁၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာတင်ပြရမည်။

(၂) ကိုရီးယားသမ္မတနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။

## ကျွန်းစုမြို့နယ်၌ ဆလုံ(မော်ကဲန်)လူမျိုးများ၏ အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပ



ကျွန်းစု မတ် ၂၃

တနင်္သာရီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ဆလုံ(မော်ကဲန်)လူမျိုးများ၏ အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာ၌ မတ်လ ၂၂ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။

အဆိုပါနှစ်သစ်ကူးပွဲတော်ကို တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဆလုံလူမျိုးများ၏ နှစ်သစ်ကူးဂုဏ်ပြုအမှာစကားပြောကြားပြီး ဆလုံ(မော်ကဲန်)ဘာသာစကား၏ မိခင်ဆရာမကြီးနော်စေးဘေက ဆလုံလူမျိုးများစာပေဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့်ဂုဏ်ပြုငွေများကို တိုင်းဒေသကြီးဝန်ကြီးများက ဆလုံ(မော်ကဲန်)လူမျိုးနှစ်သစ်ကူးပွဲတော်နှင့် ဆလုံ(မော်ကဲန်)စာပေနှင့်ယဉ်ကျေးမှုအသင်းတို့အတွက် ပေးအပ်ကြသည်။

ယင်းနောက် ဒေသခံများနှင့်အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ တိုင်းရင်းသားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်ပြီး တက်ရောက်လာကြသူများက ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆလုံလူမျိုးများအတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တည်ဆောက်ပေးသော နှစ်ထပ်ဘော်ဒါဆောင်အားတာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘော်ဒါဆောင်အားကြည့်ရှု၍ ဘော်ဒါဆောင်အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ အဆိုပါဘော်ဒါဆောင်တွင် ဆလုံလူငယ်များအား ပညာရေးနှင့်ရိုးရာဓလေ့ထုံးတမ်းများ သင်ကြားသင်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်သစ်ကူးပွဲတော်တွင် ဆလုံတိုင်းရင်းသားရိုးရာပြခန်း၊ အဏ္ဏဝါရေပြင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးပြခန်းနှင့် ရိုးရာအစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းပြခန်းများ ပြသထားရှိသည်။ ထို့နောက် ပွဲတော်ကို မတ်လ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပ၍ ဆလုံလူမျိုးများ၏ ရိုးရာအကအလှများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## ဖဲမြို့နယ်၌ ကုလားပဲသီးနှံ ၁၅၄၉ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၁ ဒသမ ၈၆ တင်းခန့်ထွက်ရှိ

ငဖဲ မတ် ၂၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံများစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သည့် ရေဆင်း(၄) ၂၀၅၈ ဧက၊ ရေဆင်း(၆) ၁၉၅၆ ဧကနှင့် ရေဆင်း(၁၂) ၁၄၉၄ ဧကစိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးပြီးစီးခဲ့သည့်ပဲခင်းများကို နွေစပါးနှင့်အခြားသီးနှံများ ပြန်လည်စိုက်ပျိုးရန် ဖေဖော်ဝါရီလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၄၉ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၁ ဒသမ ၈၆ တင်းနှုန်းထွက်ရှိကြောင်းသိရသည်။

ငဖဲမြို့နယ်တွင် စိုက်ပျိုးပြီးစီးသော ပဲမျိုးစုံသီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ ပဲမျိုးစုံအထွက်နှုန်းကောင်းမွန်ရေး သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများစနစ်တကျထည့်သွင်းရေး၊ ပေါင်းသတ်ဆေးအသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် သက်ဆိုင်ရာကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန်မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံ ဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့်ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ် စသည့်စိုက်ပျိုးရေးကို အထောက်အကူပြုသည့်အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသောနိုင်ငံဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၂၅ (တနင်္လာနေ့)

၁။ ၀၇:၁၆ မေတ္တာပို့

၂။ ၀၇:၂၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့

၃။ ၁၀:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၄။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၅။ ၁၂:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ

၆။ ၁၅:၀၀ ပန်းပေါင်းစုံစွာအနုပညာ

၇။ ၁၇:၀၀ စိုက်ပျိုးသုတ

၈။ ၁၈:၄၀ ကျန်းမာသုတ

၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်းသစ္စာမျိုးဆက်(အပိုင်း-၅) သရုပ်ဆောင်- ခန့်စည်သူ၊ ကျော်ဇောဟိန်း၊ အောင်ပိုင်၊ မေသဥ္ဇာဦး၊ ဆုပန်ထွာ၊ မုန်း ဒါရိုက်တာ-အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

INNWA BANK LIMITED

# ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်

- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ဘဏ်အာမခံလုပ်ငန်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ချေးငွေများထုတ်ချေးခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- အပ်ငွေစာရင်းချိတ်ဆက်ခြင်း




အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂


အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



# MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com





OKKAN SUGAR MILL

# ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

# ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူလိုနေသည့်အကီတီကီက ယခုဘောလုံးရာသီအကုန်တွင် ဖရန့်ဖတ်အသင်းမှ ထွက်ခွာမည်ဟုအတည်ပြု



လန်ဒန် မတ် ၂၃

ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူလိုနေသည့် ဖရန့်ဖတ်အသင်းမှ အကီတီကီက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် အကီတီကီသည် ၂၀၂၂ ခုနှစ်က ရိမ်းအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းတွင်ပွဲကစားခွင့်မရရှိခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်က ရာသီဝက်အငှားစာချုပ်ဖြင့် ဖရန့်ဖတ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ရာသီအကုန်တွင် အပြီးသတ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အကီတီကီသည် ယခုဘောလုံးရာသီတွင် ဖရန့်ဖတ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ဖရန့်ဖတ်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေရာတွင် အကီတီကီက အဓိကကစားသမားအဖြစ်ပါဝင်လျက်ရှိသူဖြစ်သည်။

အကီတီကီကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းအပါအဝင် ပရီးမီးယားလိဂ်ကလပ်အသင်းအများစုက ခေါ်ယူရန်ပြင်ဆင်နေသည့်အချိန်တွင် အကီတီကီကိုယ်တိုင်က အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အကီတီကီကိုယ်တိုင်က ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာလိုပြီး ဖရန့်ဖတ်အသင်းကလည်း ၎င်းအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ ခန့်အလိုရှိနေပြီး မန်ယူအသင်းကလည်း အဆိုပါတန်ကြေးကိုပေးချေပြီး လိုအပ်ချက်များရှိနေသည့် တိုက်စစ်ပိုင်းအတွက် ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

*Ref;Goal.com*

# ဂိုးသမားအလီဆန်ဘတ်ကာ ဦးခေါင်းဒဏ်ရာရရှိခဲ့သဖြင့် ဘရာဇီးအသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး လီဗာပူးအသင်းနှင့် ပြန်လည်ပူးပေါင်း

လန်ဒန် မတ် ၂၃

ဘရာဇီးအသင်းနှင့် လီဗာပူးအသင်းဂိုးသမား အလီဆန်ဘတ်ကာသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ (တောင်အမေရိကဇုန်) အုပ်စုပွဲစဉ်များကစားရန် ဘရာဇီးအသင်းနှင့်ပူးပေါင်းစဉ် ဦးခေါင်းဒဏ်ရာရရှိခဲ့သဖြင့် ဘရာဇီးအသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး လီဗာပူးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ (တောင်အမေရိကဇုန်) အုပ်စုပွဲစဉ်အဖြစ်ကစားသည့် ဘရာဇီးအသင်းက ကိုလံဘီယာအသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပွဲချိန် ၇၇ မိနစ်၌ ကိုလံဘီယာအသင်း ခံစစ်ကစားသမားဆန်းချက်နှင့် ဘောလုံးယှဉ်လုစဉ် ဦးခေါင်းထိခိုက်မိပြီး ဒဏ်ရာရရှိခဲ့သောကြောင့် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဂိုးသမား အလီဆန်ဘက်ကာအနေဖြင့် ဦးခေါင်းဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ဦးခေါင်းထိခိုက်မိခဲ့ခြင်းဖြစ်သည့်အတွက် လာမည့်ပွဲစဉ်များတွင်ကစားရန် ကြံ့ခိုင်မှုမပြည့်ဝသောကြောင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး လီဗာပူးအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အလီဆန်ဘတ်ကာအနေဖြင့် ခေါင်းမူးဝေမှုများရှိနေသေးသည့်အတွက် လီဗာပူးအသင်းနှင့်ပူးပေါင်းပြီးလျှင် ဆေးစစ်မှုများဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး ၎င်း၏ဒဏ်ရာမှာပြင်းထန်မှုမရှိသည့်အတွက် ရက်အနည်းငယ်သာအနားယူရမည်ဖြစ်ကာ လာမည့် ဧပြီလ ၃ ရက်တွင် ကစားမည့် လီဗာပူးအသင်းနှင့် အဲဗာတန်အသင်းတို့၏ မာလ်ဆေးဆိုက်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

အလီဆန်ဘတ်ကာသည် ယခုဘောလုံးရာသီတွင် လီဗာပူးအသင်း၌ အဓိကပွဲထွက်ဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၁ ပွဲပါဝင်ကစားပြီးချိန်တွင် ရှစ်ပွဲအထိဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သူဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသည့် ဘာစီလိုနာအသင်း ဂိုးသမားတာစတီဂျန် လာမည့်ရက်သတ္တသုံးပတ်အတွင်း ပြန်လည်ကစားနိုင်မည်



ဘာစီလိုနာ မတ် ၂၃

ဘာစီလိုနာအသင်း ဂိုးသမားတာစတီဂျန်သည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရာမှ ဒဏ်ရာပြန်လည်သက်သာလာသောကြောင့် အသင်းနှင့်အတူ အပေါ့စားလေ့ကျင့်ခန်းများ လုပ်ဆောင်လျက်ရှိပြီး လာမည့်ရက်သတ္တသုံးပတ်အတွင်း ပြန်လည်ကစားနိုင်မည်ဟု ဘာစီလိုနာအသင်းက အတည်ပြုခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် တာစတီဂျန်သည် ပြီးခဲ့သည့် စက်တင်ဘာလ ၂၃ ရက်က ကစားသည့် ဗီလာရီးယဲလ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိပြီး ခွဲစိတ်ကုသမှုလုပ်ဆောင်ခဲ့ရသည့်အတွက် ကာလရှည်အနားယူခဲ့ရသူဖြစ်သည်။

အစောပိုင်းက တာစတီဂျန်သည် ယခုဘောလုံးရာသီတစ်ခုလုံး လွဲချော်မည်ဟုခန့်မှန်းထားသော်လည်း လက်ရှိတွင် ဒဏ်ရာမှာ ပြန်လည်သက်သာလာပြီး အသင်းနှင့်အတူ လေ့ကျင့်ခန်းများလုပ်ဆောင်နိုင်ပြီဖြစ်သည့်အတွက် လာမည့်ရက်သတ္တသုံးပတ်အတွင်း အသင်းနှင့်အတူ ပြန်လည်ကစားနိုင်မည်ဖြစ်သည်။

အစောပိုင်းက ဘာစီလိုနာအသင်းသည် ဂိုးသမားတာစတီဂျန်အနေဖြင့် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရမည်ဟု ခန့်မှန်းထားသည့်အတွက် ဂျူဗင်တပ်စ်အသင်းနှင့် လမ်းခွဲပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သည့် ဂိုးသမားဆက်ဇနီကို ယခုဘောလုံးရာသီကုန်အထိ ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂိုးသမား တာစတီဂျန်သည် ဘာစီလိုနာအသင်းတွင် ပွဲထွက်ဂိုးသမားအဖြစ် ကာလရှည်ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ခြောက်ပွဲကစားခဲ့သော်လည်း တစ်ပွဲမှ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ပယ်နယ်တီတစ်ကြိမ်ကာကွယ်မှုပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းအနေဖြင့် စပိန်လာလီဂါပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်း၊ အက်သလက်တီကိုအသင်းတို့နှင့် အားပြိုင်နေရသကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်တက်ရောက်ထားပြီး ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေကာ အဓိကဂိုးသမား တာစတီဂျန်ပြန်လည်ပါဝင်နိုင်မည်ဖြစ်သောကြောင့် ဂိုးသမားနေရာအတွက် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ရီးယဲလ်မက်ဒရစ်အသင်းတွင်သာ အဆုံးသတ်မည်ဟု မိုဒရစ်ပြောကြား

မက်ဒရစ် မတ် ၂၃

ရီးယဲလ်မက်ဒရစ်အသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်က ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ရီးယဲလ်မက်ဒရစ်အသင်းတွင်သာ အဆုံးသတ်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် မိုဒရစ်သည် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာပါဝင်ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုပင်ဆွတ်ခူးခဲ့သူဖြစ်သည်။

မိုဒရစ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းက နောက်ထပ်တစ်နှစ်သက်တမ်းတိုးပြီး အသင်း၌ ဆက်လက်ထိန်းသိမ်းရန်ပြင်ဆင်ထားသည်။

မိုဒရစ်က" ကျွန်တော့်ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို အသင်းမှာပဲကုန်ဆုံးသွားမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းက ကျွန်တော့်အိမ်ပါ။ အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ အလျင်လိုနေမှာမဟုတ်ပါဘူး။ လာမယ့်ပွဲစဉ်တွေအတွက် အပြည့်အဝအာရုံစိုက်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းများ၊ ရေယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မတ်လ ၂၁ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် (၁၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၀) မျိုး၊ လူသုံးကုန်ပစ္စည်း (၂၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၅၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၅)စီး၊ Nissan Condor Truck (၃)စီး၊ Golden Truck (၂)စီး၊ Nidi Truck (၁)စီး၊ Win Myanmar Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Hino Truck (၁)စီး၊ Pyay Truck (၁)စီး၊ Hin Thar Truck (၁)စီး၊ Done Feng Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၅၆၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကျောက်ဖြူတောင်ကျေးရွာအနီး၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၇) မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၉၁၀၈၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus (၁)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၉၁၀၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၇၇၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော အရွယ်စုံကျောက်တုံး ကီလိုဂရမ် (၁၀၀၀)(ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mazda Bongo Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ထုံးဘိုလမ်းခွဲအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၃၆၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ စက်မှုဇုန်ထုတ် Aung Soe Tin Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ စဥ့်ကိုင် ဘီးခွန်ကောက်ခံရေးဂိတ်အနီး၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၂၅၇၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Auman Tractor Head (၂)စီး၊ Howo Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၃) တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၆၅၀၁၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့အထွက် (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တန့်ယန်းမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၇)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၂၆၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၈၂၆၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေမြဆိပ်ကမ်း၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၇၇၈၆၉၂) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV.MCL-8 ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၈၇၄၅၆) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၇၇၆၁၄၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **မတ်လ ၂၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၆၇၁၈၉၃၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဥ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**



ကရင်ပြည်နယ်၌ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



ရွှေမြဆိပ်ကမ်း၌ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

---

■ **ကျောဖုံးမှအဆက်**

ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်ပတ်ဝန်းကျင်ရှိ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုယက်မှုကျူးလွန်သူတရားခံများသည် YGN-42 AA-1938 နံပါတ်တပ်ဆင်ထားသည့် Toyota Corolla အမျိုးအစား အဖြူရောင် အငှားယာဉ်ဖြင့် ပန်းဆိုးတန်းလမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါအငှားယာဉ်အား စုံစမ်းရှာဖွေခဲ့ရာ နံနက် ၁၁ နာရီတွင် လမ်းမတော်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းဆုံတွင် ယာဉ်နှင့်အတူ ယာဉ်မောင်းဖြစ်သူ စည်သူကျော်(၄၃)နှစ်အား တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။

ယာဉ်မောင်းဖြစ်သူ စည်သူကျော်၏ ထွက်ဆိုချက်အရ၎င်းသည်လုယက်မှုကျူးလွန်သူတရားခံများအား ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံသို့ ငွေ(၄၀၀၀)ကျပ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၁၄/၁၁၆)ရှိ Casa Myanmar Hotel၊ အခန်းအမှတ်(၃၀၁)၌ “တိတ်ရှိန်”ရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပတ္တမြားရပ်ကွက်နေ လင်းသန့်အောင်(၁၈)နှစ် (ဘ) ဦးသိန်းထွန်း၊ သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာနေ သက်ထူးဇင်(၂၀)နှစ် (ဘ) ဦးအောင်မျိုးဆက်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်နေ ကောင်းခန့်သူရ(ခ)ဝသုန်(၁၉)နှစ် (ဘ)ဦးကျော်သူရ၊ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာနေ မင်းခန့်ကို(ခ)ဖိုးကာ(၁၉)နှစ် (ဘ)ဦးနိုင်ထူးတို့ ၄ ဦးအား လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင်ကော်သေနတ်(၁)လက်၊ သံဖြတ်လွှ(၃)ချောင်း၊ လုယက်ယူဆောင်ရာမှရရှိသည့် ရွှေလက်ကောက်မျိုးစုံ(၅၁)ကွင်း၊ ရွှေလက်စွပ်မျိုးစုံ(၃၇)ကွင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ လင်းသန့်အောင်ပါ ၄ ဦးအား ဆက်လက်စစ်ဆေးချက်အရ ၎င်းတို့၄ဦးသည်မတ်လ ၂၀ ရက်နေ့တွင် Casa Myanmar Hotel သို့ ရောက်ရှိတည်းခိုခဲ့ပြီး ငွေကြေးလိုအပ်ချက်အရ မဟာဗန္ဓုလလမ်းပေါ်ရှိရွှေဆိုင်များအား လုယက်မှုကျူးလွန်ရန်အတွက်လိုက်လံ၍အခြေအနေကြည့်ရှုခဲ့ကြကြောင်း၊ ထိုသို့ကြည့်ရှုပြီးနောက် “တိတ်ရှိန်”ရွှေဆိုင်အား လုယက်မှုကျူးလွန်ရန်ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာတွင်အသုံးပြုခဲ့သည့် အနက်ရောင်ကော်သေနတ်အား ဆူးလေဘုရားအနီး၊ မဟာဗန္ဓုလလမ်းပေါ်ရှိ စတိုးဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းနှင့် လုယက်မှုကျူးလွန်ရာတွင်တရားခံ လင်းသန့်အောင်မှ အဆိုပါကော်သေနတ်အား ကိုင်ဆောင်အသုံးပြုကာဦးဆောင်၍လုယက်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် “တိတ်ရှိန်”ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့သူများဖြစ်သည့် လင်းသန့်အောင်၊ ကောင်းခန့်သူရ(ခ)ဝသုန်၊ မင်းခန့်ကို(ခ)ဖိုးကာနှင့်သက်ထူးဇင်တို့ ၄ ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားသည့် အချိန်မှ ၆ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ဆေးဖက်ဝင် ပင်စိမ်းပင်

ပင်စိမ်းပင်သည် နေရာဒေသမရွေး အလေ့ကျပေါက်သည့်အပင်မျိုးဖြစ်သည်။ ပင်စိမ်းပင်တစ်ပင်လျှင် အသီးများစွာသီး၍ အစေ့များစွာပါဝင်သောကြောင့် အပင်မျိုးပွားမှုအားကောင်းသည်။ ပင်စိမ်းပင်ကို အိမ်တိုင်းလိုလိုစိုက်ပျိုးထားကြပြီး စီးပွားဖြစ်အနေဖြင့်လည်း စိုက်ပျိုးကြသည်။ ပင်စိမ်းရွက်ကို အညှီနံ့ပျောက်ကင်းစေရန် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်။ ပင်စိမ်းပင်သည် ကျန်းမာရေးအတွက် ဆေးဖက်ဝင်အပင်တစ်မျိုးလည်းဖြစ်သည်။ ပင်စိမ်းပင်သည် တစ်ရက်လျှင် နာရီပေါင်း ၂၀ အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်သောကြောင့် ရုတ်တရက်အသက်ရှူကျပ်လာပြီး အောက်ဆီဂျင်မရခဲ့သော် ပင်စိမ်းရွက်ကိုထောင်း၍ အရည်ကိုဆားအနည်းငယ်ခတ်ပြီး သောက်သုံးနိုင်သည်။ ပင်စိမ်းပင်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် ဈေးကွက်အတွင်း တစ်နှစ်ပတ်လုံးရောင်းချလျက်ရှိသည်။ ပင်စိမ်းပင်သည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသောကြောင့် အိမ်တိုင်းစိုက်ပျိုးသင့်သည့် အပင်တစ်မျိုးဖြစ်သည်။

**အရေပြားယားနာကို ပျောက်ကင်းစေသောပင်စိမ်း**

ပင်စိမ်းကို ငှက်ဖျားရောဂါနှင့် အရေပြားယားနာဖြစ်ခြင်း၊ ဗိုက်ကြောပြတ်ခြင်းနှင့် ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ အဖြူကွက်ဖြစ်ခြင်းတို့အတွက် အသုံးပြုနိုင်သည်။ အရေပြားယားနာများဖြစ်ပွားပါက ပင်စိမ်းရွက်ကို သံပရာရည်နှင့်ရော၍ ညက်အောင်ထောင်းပြီး ပွတ်တိုက်ပေးခြင်း၊ အုံပေးခြင်း၊ ဗိုက်ကြောပြတ်၍ ယားယံနေပါက ပင်စိမ်းရွက်ခြောက်မှုန့်ဖြူး၍ ပွတ်သပ်ပေးခြင်းတို့ ပြုလုပ်နိုင်သည်။ ပင်စိမ်းရွက်ကို သံပရာရည်နှင့်ရောကြိတ်ပြီး လိမ်းပေးပါက နှင်းခူနှင့် ယားနာများ သက်သာပျောက်ကင်းနိုင်သည်။ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ အဖြူကွက်များတွေ့ရှိပါက ပင်စိမ်းရွက်သတ္တုရည်ကိုလိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ ပွေး၊ ဝဲ၊ ညှင်း၊ နှင်းခူ၊ မိတ် စသောအရေပြားယားနာအမျိုးမျိုးအတွက် ပင်စိမ်းတစ်ပင်လုံးကိုထောင်း၍ သံပရာရည်ရောပြီး လိမ်းပေးနိုင်သည်။ ပင်စိမ်းရွက်ကို ရေသန့်သန့်ဖြင့် ရောနယ်ထုထောင်းပြီး အမြစ်မထွက်နိုင်သော အနာဆွေး၊ အနာလုံးအကျိတ်များပေါ် လိမ်းအုံပေးပါက အရောင်လျော့ကျသွားပြီး အမြစ်မြန်မြန်ထွက်စေကာ အသားနုတက်ပြီး အနာကျက်မြန်စေသည်။

**အစာခြေစနစ်ကို ကောင်းမွန်စေသောပင်စိမ်း**

ပင်စိမ်းရွက်က အစာခြေစနစ်နှင့် အူလမ်းကြောင်းကျန်းမာရေးကို ကောင်းမွန်စေသည့်အပြင် အစာအိမ်မှအက်စစ်များ အလွန်အကျွံထွက်ရှိလာမှုကိုလည်း ထိန်းညှိပေးနိုင်သည်။ ထို့မျှမက ပင်စိမ်းရွက်ကို လက်ဖက်ရည်ကြမ်းအဖြစ် သောက်ပေးခြင်းဖြင့် ဝမ်းသွားခြင်း၊ အစာအိမ်နာဖြစ်ခြင်း၊ ခံတွင်းပျက်၍ အစာစားချင်စိတ်မရှိခြင်းနှင့် ပျို့အန်ခြင်းများကို သက်သာစေသည်။ ဝမ်းကိုက်ပါက ပင်စိမ်းရွက်ပြုတ်ရည်ကိုသောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။ ပင်စိမ်းရွက်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အူလမ်းကြောင်း၊ ဝမ်းဗိုက်နှင့်ပါးစပ်တွင်ဖြစ်တတ်သောရောဂါများကင်းဝေးစေပြီး အစာခြေစနစ်ကိုကောင်းမွန်စေသည်။ ခွဲစိတ်ထားသောအနာများရင်း၍ ပိုးဝင်ပါက ပင်စိမ်းရွက်ကိုပြုတ်ပြီး ဖန်ရည်အဖြစ် ဆေးကြော၍ဖြစ်စေ၊ ပင်စိမ်းရွက်ခြောက်မှုန့်ကို ဖြူး၍ဖြစ်စေ အသုံးပြုပါက အနာကိုလျင်မြန်စွာကျက်စေနိုင်သည်။

**နားကိုက်ခြင်းနှင့် တခြားရောဂါများ သက်သာစေသောပင်စိမ်း**

နားကိုက်ပါက ပင်စိမ်းရွက်ကိုမီးအုံပြီး နားထဲသို့ အရည်နှစ်စက်ခန့်ညှစ်ထည့်ပေးပါက သက်သာစေနိုင်သည်။ ကလေးများကျောပူခေါင်းပူထပါက ပင်စိမ်းရွက်နှင့် ကွမ်းရွက် ဆတူကို ကျပ်ခိုး၊ နနွင်းမှုန့် အနည်းငယ်နှင့်ရောကြိတ်ပြီး တစ်ကိုယ်လုံးခပ်ပါးပါး လိမ်းပေးနိုင်သည်။ ခေါင်းတစ်ခြမ်းကိုက်ပါက ပင်စိမ်းရွက်သတ္တုရည်ကို နားထင်နှင့်နဖူးတွင်လိမ်းပေးနိုင်သည်။

**သွားပိုးစားခြင်းကို သက်သာစေသောပင်စိမ်း**

သွားပိုးစားခြင်းအတွက် ပင်စိမ်းရွက်ခြောက်မှုန့်၊ ငရုတ်ကောင်းနှင့်ပရုတ်တို့ကိုရောကြိတ်ကာ သွားပိုးစားသည့် အခေါင်းပေါက်ထဲသို့ထည့်သိပ်ခြင်းဖြင့် ပျောက်ကင်းစေသည်။ သွားဖုံးရောင်နာ၍ သွေးယိုစီးခြင်း၊ မကြာခဏတံတွေးစိမ့်ထွက်ခြင်း၊ အသံအိုးနာခြင်း၊ အသံဝင်ခြင်း၊ လည်ချောင်းနာခြင်းနှင့် အာသီးရောင်ခြင်းတို့အတွက် ပင်စိမ်းရွက်ပြုတ်ရည်ကိုသောက်ခြင်း၊ ပလုတ်ကျင်း(အာလုတ်ကျင်း)ခြင်းဖြင့် သွားများကို သန့်ရှင်းစင်ကြယ်စေသည့်အပြင် ခံတွင်းရနံ့ကိုလည်း ရှင်းသန့်စေသည်။

**✦ ဝမ်းကိုက်ပါက ပင်စိမ်းရွက်ပြုတ်ရည်ကိုသောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။ ပင်စိမ်းရွက်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အူလမ်းကြောင်း၊ ဝမ်းဗိုက်နှင့် ပါးစပ်တွင်ဖြစ်တတ်သောရောဂါများ ကင်းဝေးစေပြီး အစာခြေစနစ်ကို ကောင်းမွန်စေ . . .**

**✦ ပင်စိမ်းရွက်တွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်သတ္တိများက ပန်းသီး၊ လိမ္မော်သီးနှင့် ဘလူးဘယ်ရီသီးများထက် ပိုမိုအစွမ်းထက်သဖြင့် အရွယ်တင်နုပျိုစေ . . .**

**✦ ပန်းနာ၊ ရင်ကျပ်ရောဂါရှိသူများသည် ပင်စိမ်းရွက်အခြောက်ကို မီးမြှိုက်၍ ရှူရှိုက်ပေးသင့်သည်။ ထိုရနံ့က လူကိုလန်းဆန်းပေါ့ပါးစေကာ အာရုံစူးစိုက်မှုအားကောင်းစေ . . .**

**မျက်နှာအသားအရေ ထိန်းသိမ်းပေးသောပင်စိမ်း**

ပင်စိမ်းရွက်က ဝက်ခြံဖြစ်စေသော ဗက်တီးရီးယားပိုးများကိုကင်းစင်စေကာ အရေပြားကို သွေးလှည့်ပတ်မှုကောင်းမွန်စေသဖြင့် ဝက်ခြံပေါက်လွယ်သောအရေပြားပိုင်ရှင်များအတွက် အထူးသင့်လျော်သည်။ ရေနွေးဆူဆူတစ်ခွက်ထဲသို့ ပင်စိမ်းရွက်ခြောက်မှုန့် ထမင်းစားဇွန်းသုံးဇွန်းခန့် ရောမွှေပြီး အအေးခံကာ အရွက်များကိုစစ်ထားပြီး ထိုအရည်ကို မျက်နှာအနှံ့လိမ်းပေးခြင်းဖြင့် မျက်နှာသန့်စင်လာစေမည်ဖြစ်သည်။ ဝက်ခြံသာမက တင်းတိပ်၊ ညှင်း၊ မှဲ့ခြောက်၊ ခရုသင်းပေါက်သူများလည်း လိမ်းပေးနိုင်သည်။

**အရွယ်တင်နုပျိုစေသောပင်စိမ်း**

ပင်စိမ်းရွက်တွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်သတ္တိများက ပန်းသီး၊ လိမ္မော်သီးနှင့် ဘလူးဘယ်ရီသီးများထက် ပိုမိုအစွမ်းထက်သဖြင့် အရွယ်တင်နုပျိုစေသည်။

**အမြင်အာရုံကိုကောင်းမွန်စေသောပင်စိမ်း**

ပင်စိမ်းရွက်တွင် ဖလေဗိုနွိုက်ဒြပ်ပေါင်းပါရှိ၍ သက်ကြီးပိုင်းအမြင်အာရုံချို့ယွင်းခြင်း၊ အတွင်းတိမ်နှင့် မျက်စိအာရုံခံလွှာဆီ ခရမ်းလွန်ရောင်ခြည်ကျရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ မွေးရာပါမျက်စိမှုန်ခြင်း၊ မျက်စိအောင့်ခြင်း၊ စူးခြင်း၊ ကိုက်ခဲခြင်းများအတွက် နေ့စဉ် ပင်စိမ်းရွက်ငါးရွက်ခန့် စားပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

**ဦးနှောက်စွမ်းဆောင်ရည်ကို ကောင်းစေသောပင်စိမ်း**

ဂျာမနီနိုင်ငံဆေးသုတေသီများက ပင်စိမ်းရွက်ထဲတွင်ပါရှိသော သဘာဝဓာတ်ပေါင်းစုတစ်မျိုးက ဦးနှောက်စွမ်းဆောင်ချက်ကို တိုးတက်ကောင်းမွန်စေသည့်အပြင် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါတို့ကို ထိရောက်စွာကုသပေးနိုင်ကြောင်း အတည်ပြုထောက်ခံထားသည်။ ထို့ပြင် ပင်စိမ်းသည် ကလေးငယ်များ၏ ဉာဏ်ရည်စွမ်းအားကို တိုးတက်မြင့်မားစေနိုင်၍ အရွယ်သုံးပါးမရွေး ပင်စိမ်းစားသုံးသင့်ကြောင်း ဖော်ပြထားသည်။

**အရိုးများကိုသန်မာစေသောပင်စိမ်း**

ပင်စိမ်းရွက်တွင် ဗီတာမင် A၊ ကယ်လ်စီယမ်နှင့် ဗီတာမင် K တို့ပါရှိသဖြင့် အရိုးများကို ကျန်းမာသန်စွမ်းစေသည်။ ဒူးနာ၊ ခါးနာ၊ ခါးရိုးကျီးပေါင်းတက်၊ လေငန်းရောဂါများအတွက် ပင်စိမ်းရွက်ကိုထောင်း၍ အုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

**ငှက်ဖျားရောဂါပျောက်စေသောပင်စိမ်း**

ပင်စိမ်းပင်သည် ငှက်ဖျားရောဂါပျောက်စေ၍ အိန္ဒိယနိုင်ငံ၌ ၁၉၀၇ ခုနှစ် Imperial Malaria Conferenc တွင် ပင်စိမ်းကို ငှက်ဖျားရောဂါပျောက်စေသောဆေးပင်အဖြစ် ကြေညာခဲ့သည်။ ငှက်ဖျားသာမက နာတာရှည်အဖျားရောဂါ၊ တုပ်ကွေးနှင့် ကာလဝမ်းရောဂါတို့အတွက် နံနက်စောစောအိပ်ရာထတွင် ပင်စိမ်းရွက်သတ္တုရည်ကို ကြွေဇွန်းဖြင့် တစ်ဇွန်းသောက်ပေးနိုင်သည်။

**ပန်းနာရင်ကျပ်ရောဂါရှိသူများ ရှူရှိုက်သင့်သောပင်စိမ်း**

ပန်းနာ၊ ရင်ကျပ်ရောဂါရှိသူများသည် ပင်စိမ်းရွက်အခြောက်ကိုမီးမြှိုက်၍ ရှူရှိုက်ပေးသင့်သည်။ ထိုရနံ့က လူကိုလန်းဆန်းပေါ့ပါးစေကာ အာရုံစူးစိုက်မှုအားကောင်းစေသည်။

**ဆီးရောဂါများပျောက်ကင်းစေနိုင်သောပင်စိမ်း**

ပင်စိမ်းရွက်ကိုရေစိမ်ပြီး နေ့စဉ်သောက်ပေးပါက ဆီးချိုရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ပင်စိမ်းစေ့ကိုကြိတ်ပြီးစားပေးလျှင် ဆီးနှင့်ပတ်သက်သောရောဂါများပျောက်ကင်းစေနိုင်သည်။ ဆီးချုပ်၊ ဆီးအောင့်၊ ဆီးပူခြင်းများအတွက် ပင်စိမ်းရွက်ကို သကြားရည်ဖြင့် ဖျော်ရည်လုပ်၍ သောက်နိုင်သကဲ့သို့ ပင်စိမ်းရွက်သတ္တုရည်ကို ဆီးခုံတစ်ဝိုက်ပွတ်လိမ်းပေးခြင်းဖြင့် ဆီးရှင်စေသည်။

**အမျိုးသမီးရောဂါများ ပျောက်ကင်းစေသောပင်စိမ်း**

ပင်စိမ်းသည် အမျိုးသမီးများ ဓမ္မတာရာသီစက်ဝန်းကိုပုံမှန်ဖြစ်စေကာ ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲမှုဝေဒနာကိုလည်း သက်သာစေနိုင်သည့်အပြင် အမျိုးသမီးများသွေးဆုံးပြီးနောက် ချွေးထွက်လွန်ခြင်းနှင့် ကိုယ်ရေပြားများ ပူစပ်ပူလောင်ခံစားရခြင်းမှလည်း ကာကွယ်ပေးသည်။ ကိုယ်ဝန်ဆောင်များ ဗိုက်ကြောပြတ်ပြီး ယားယံနေပါက ပင်စိမ်းရွက်ခြောက်မှုန့်ဖြူး၍ အသာအယာပွတ်လိမ်းပေးနိုင်သည်။

**အဆိပ်ရှိအကောင်များကြောက်သောပင်စိမ်း**

မိမိနေအိမ်ခြံဝင်းအတွင်း၌ ပင်စိမ်းပင်စိုက်ပျိုးထားခြင်းဖြင့် အဆိပ်ရှိသောအကောင်များအန္တရာယ်မှ ကင်းဝေးစေနိုင်သည်။ မြွေ၊ ကင်းမြီးကောက်၊ ပျား၊ ပုရွက်ဆိတ် စသည့်အဆိပ်ရှိသတ္တဝါကိုက်ပါက ဒဏ်ရာပေါ်တွင် ပင်စိမ်းရွက်ကို ကြိတ်ခြေအုံပေးခြင်းဖြင့် အဆိပ်ပြေစေသည်။ ပြတ်ရှဒဏ်ရာများကို ပင်စိမ်းရွက်အရည်ညှစ်ပြီးထည့်ပေးပါက လျင်မြန်စွာ သက်သာပျောက်ကင်းစေနိုင်သည်။

**ပင်စိမ်းအဆီ၏ကျန်းမာရေးကောင်းကျိုးများ**

ပင်စိမ်းရွက်တွင် Eugenol၊ Citronellol၊ Linalool၊ Citral၊ Limonene နှင့်Terpineol ဟူသည့် ကျန်းမာရေးအကျိုးပြု မရှိမဖြစ်အဆီများပါရှိသည်။ ထိုဓာတ်ပေါင်းများက ရောင်ရမ်းမှုကိုကျစေသည့်အစွမ်းနှင့် ဗက်တီးရီးယားများကို ဆန့်ကျင်တိုက်ထုတ်ပေးသော ဂုဏ်သတ္တိများရှိကြသည်။ အထူးသဖြင့် ဥရောပ၊ အိန္ဒိယနှင့် တရုတ်ရိုးရာတိုင်းရင်းဆေးကုထုံးများတွင် ပင်စိမ်းဆီကို အသုံးပြုလေ့ရှိကြသည်။ Spa များတွင်လည်း ပင်စိမ်းပင်မှ အဆီထုတ်ယူရရှိသည့် ပင်စိမ်းဆီကို Aroma Therapy နည်းဖြင့် တွင်ကျယ်စွာအသုံးပြုလာကြပြီဖြစ်သည်။

အာရုံစူးစိုက်မှုအလွန်များသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ နှာခေါင်းပိတ်ခြင်းနှင့် ခေါင်းတစ်ခြမ်းကိုက်ခြင်းတို့အတွက် ပင်စိမ်းဆီကိုရှူရှိုက်ကာ နားထင်ပတ်ဝန်းကျင်တွင် လိမ်းပေးနိုင်သည်။ ထူးခြားကောင်းမွန်သော ပင်စိမ်းဆီရနံ့က လူကိုလန်းဆန်းလာစေသည်။ ကြွက်သားများတင်းမာခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ခြင်း၊ အဆစ်အမျက်များနာကျင်ကိုက်ခဲရောင်ရမ်းခြင်း၊ ခါးကိုက်ခါးနာခြင်း၊ တင်ပါးဆုံရိုးနှဗ်ကြောများ ညောင်းညာကိုက်ခဲခြင်း စသည့်ဝေဒနာများအတွက် ပင်စိမ်းဆီဖြင့် နှိပ်နယ်ပေးခြင်းဖြင့် သွေးကြောများပွင့်ကာ သွေးလည်ပတ်မှုကို ပုံမှန်ဖြစ်လာစေသည်။

**သတိထားရမည့်အချက်**

ပင်စိမ်းရွက်တွင်ပါရှိသော Thujone ဓာတုဓာတ်ပေါင်းစုသည် သားအိမ်ကိုကျဉ်းခြင်း၊ ကျုံ့ခြင်းတို့ဖြင့် လှုံ့ဆော်ပေးနိုင်စွမ်းရှိ၍ ကိုယ်ဝန်ဆောင်များ သားလျှောစေနိုင်သည်။ ပင်စိမ်းက ဆေးဖက်ဝင်သည်မှန်သော်လည်း မွေးရာပါဓာတ်မတည့်ရောဂါရှိသူများ၊ ပင်စိမ်းရွက်နှင့်ပင်စိမ်းဆီကို တစ်ကြိမ်မျှမသုံးဖူးသူများသည် အစောပိုင်းတွင် အနည်းငယ်သာ စမ်းသပ်သုံးစွဲသင့်သည်။

အချုပ်အားဖြင့်ဆိုသော် အရှေ့တိုင်း၊ အနောက်တိုင်းဆေးပညာရှင်များက ပင်စိမ်းပင်သည် လူသားတို့ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ ကောင်းကျိုးပြုကာ အသက်ရှည်စေကြောင်း ညွှန်းဆိုထားကြသည်။ မိုးရာသီတွင် ပေါပေါများများရရှိနိုင်သည့် ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးနည်းပါးသောပင်စိမ်းကို သင့်တင့်စွာစားသုံးပေးခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သည်။ ဤမျှကောင်းကျိုးများပြီး ဘက်စုံအသုံးဝင်သော ပင်စိမ်းပင်ကို မိသားစုတိုင်း တစ်နိုင်တစ်ပိုင်မှ စိုက်ခင်းကြီးများအထိ စိုက်ပျိုး၍ နည်းလမ်းမျိုးစုံပြုလုပ်ပြီး ကျန်းမာရေးဆိုင်ရာအတွက် ပင်စိမ်းပင်ကိုစိုက်ပျိုးသုံးစွဲသင့်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ် . . .**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေ ကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များမှန်ကန်ရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၌ “တိတ်ရှိန်ရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၁၂၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ(၂၀)ကျပ်သား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၃

၂၀၂၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၂၉)လမ်းနှင့် (၃၀)လမ်းကြား၊ မဟာဗန္ဓုလလမ်းပေါ်ရှိ “တိတ်ရှိန်ရွှေဆိုင်”၌ ဆိုင်ပိုင်ရှင်၏သမီးဖြစ်သူ မမြတ်သဥ္ဇာမိုး(၂၃)နှစ်သည် ဆိုင်ဝန်ထမ်း အမျိုးသမီး ၇ ဦးတို့နှင့်အတူ ရှိနေစဉ် Mask များတပ်ဆင်ထားသည့် အမျိုးသား ၄ ဦး(စိစစ်ဆဲ)သည် ဆိုင်အတွင်းဝင်ရောက်လာပြီး ၎င်းတို့ ၄ ဦးအနက် ၁ ဦးက သေနတ်အတို ၁ လက်အား ကိုင်ဆောင်ကာ သေနတ်ပြခြိမ်းခြောက်ပြီး မှန်ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ(၂၀)ကျပ်သားခန့်(တန်ဖိုးငွေကျပ်သိန်း ၁၂၀၀ ခန့်)အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ပန်းဘဲတန်းမြို့မရဲစခန်း၌ (ပ)၃၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့်ကာ **စာမျက်နှာ ၂၉ ကော်လံ ၁** ■



ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ် “ တိတ်ရှိန်ရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၁၂၀၀ ခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ (၂၀) ကျပ်သား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား ၄ ဦး (ဝဲမှယာ) သက်ထူးဇင်၊ကောင်းခန့်သူရ(ခ)ဝသုန်၊ လင်းသန့်အောင်၊ မင်းသန့်ကို(ခ)ဖိုးကာတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၆၀ ကို ယနေ့တွင် ထပ်မံ စစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့

စာ - ၂၄ သို့

## ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

စာ - ၂၅ သို့

## ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့

Tissue Culture ဓာတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်းဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-**၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁** တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



